မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်

ဤလောကဌ် ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောကဌ် ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ ယမကဝဂ်(ဓမ္မပဒ-၅)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက် ၂၀၁၉ ခုနှစ်၊ သြဂုတ် ၁၁ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၈)၊ အမှတ် (၃၁၅)

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မွန်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အထူးအဖွဲ့များဖွဲ့စည်း၍ ထိထိရောက်ရောက်ဆက်လက်ဆောင်ရွက်ရန်မှာကြား

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြေပြိုကျမှုဖြစ်ပွားခဲ့သည့် ပေါင်မြိုနယ် သဲဖြူကုန်းကျေးရွာ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

မော်လမြိုင် သြဂုတ် ၁၀

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်မြင့်နွယ်၊ ဦးတင်မြင့်၊ ဦးလှကျော်၊ ဦးစိုးအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ပိုင်းက မွန်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့သည် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဓမ္မဗိမာန်တွင် ဖွင့်လှစ်ထားသည့် ကွပ်ကဲရေးရုံးသို့ ရောက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တာဝန်ရှိသူများက မွန်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့မှုအခြေအနေ၊ သဘာဝဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ စောင့်ရှောက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဘီးလင်းမြို့ရှိ ငြိမ်းချမ်းရိပ်မြုံ ဓမ္မာစရိယစာသင်တိုက်သို့ရောက်ရှိပြီး ဆရာတော် ဘဒ္ဒန္တကောဝိဒအား လှုဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကာ ငြိမ်းချမ်းရိပ်မြုံ ဓမ္မာစရိယစာသင်တိုက်တွင် ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းရှိ သဘာဝဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✤

ကရုဏာနှလုံးသားဖြင့် ဝိုင်းဝန်းကူညီ

မွန်ပြည်နယ်အတွင်း နေရာဒေသအချို့တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ ရေကြီးရေလျှံခြင်း၊ တောင်မြေပြိုကျခြင်း ဖြစ်စဉ်များကြောင့် အသက်အိုးအိမ် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ ပေါင်မြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် တောင်မြေပြိုကျမှုများအနက် သဲဖြူကုန်းကျေးရွာတွင် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်တွင် အသက်ဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရမှု၊ ပျောက်ဆုံးမှုများရှိခဲ့ရာ ဝမ်းနည်းကြေကွဲဖွယ်ရာပင် ဖြစ်သည်။ ပျောက်ဆုံးနေသူများအား ရှာဖွေကယ်ဆယ်ရေး၊ ဒဏ်ရာရသူများအား သယ်ယူ၍ ပြုစုကုသရေး၊ ကျန်ရစ်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရေးတို့တွင် ကိုယ်ချင်းစာနာ ကရုဏာစိတ်နှလုံးများဖြင့် ဝိုင်းဝန်းကူညီကြပါမှ ဘေးဒုက္ခတို့သက်သာရာရကြလိမ့်မည်။

သဘာဝဘေးအန္တရာယ်ဟူသည် မဖိတ်မခေါ်မမျှော်လင့်ပါဘဲ ရောက်လာတတ်သည်မို့ သတိဝီရိယတို့ အမြဲအသင့်ရှိနေဖို့လိုသည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပဟုသုတများကိုလည်း လူတိုင်းက သိရှိနားလည်ထားနိုင်သည်နှင့်အမျှ ဘေးအန္တရာယ်ကင်းရှင်းစွာ နေထိုင်နိုင်ကြမည် ဖြစ်သည်။ မြေပြိုမှုအန္တရာယ်သည် တောင်ကုန်းတောင်စောင်း၊ ဆင်ခြေလျှောနေရာများတွင် ဖြစ်တတ်သည့်အတွက် မြေဆီလွှာထိန်းသိမ်းကာကွယ်နိုင်ရန် သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းထားကြရမည် ဖြစ်သည်။ အချို့နေရာများတွင်မူ မြေထိန်းနံရံများ တည်ဆောက်ခြင်းဖြင့် မြေမပြိုအောင် ကြိုတင်ကာကွယ်ရမည် ဖြစ်သည်။

တောင်ကုန်းတောင်စောင်းများတွင် နေထိုင်မည်ဆိုပါက မိမိပတ်ဝန်းကျင်တွင် မြေပြိုနိုင်သည့်အလားအလာနှင့် အိမ်၏ကြံ့ခိုင်မှုတို့ကို မပြတ်စစ်ဆေးရန်လိုသည်။ မနေသင့်သည့်နေရာတွင် မနေမှသာ ဘေးရန်ကင်းကွာမည်။ မိမိပတ်ဝန်းကျင် ကုန်းစောင်း၊ တောင်စောင်းနေရာများတွင် သစ်ပင်များ၊ ဓာတ်တိုင်များ ယိုင်စောင်းလာခြင်း၊ မြေများအက်ကွဲလာခြင်း၊ ခြံစည်းရိုးများနေရာရွှေ့လာခြင်း၊ အုတ်နံရံများ၊ ကွန်ကရစ်ကြမ်းခင်းများ အက်ကွဲလာခြင်း၊ ပြတင်းပေါက်များ၊ တံခါးများဖွင့်ပိတ်ရာတွင် ကျပ်လာထပ်လာခြင်း၊ သစ်အိမ် ဝါးအိမ်များ ရွှဲစောင်းလာခြင်း စသည်တို့မှာ မြေပြိုတော့မည့် ရှေ့ပြေးလက္ခဏာများဖြစ်ပြီး ယင်းအခြေအနေများကို တွေ့ရှိသတိပြုမိသည်နှင့် ဘေးလွတ်ရာသို့ ရှောင်တိမ်းကြဖို့လိုသည်။

မြေပြိုခြင်း၏ အကြောင်းရင်းများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးခြင်းတို့အပြင် မြေငလျင်ကြောင့်လည်း မြေပြိုတတ်သည်ကို သတိချပ်ကြရမည်။ မြေပြိုသည့်နေရာတွင် နောက်ထပ်မြေပြိုနိုင်သည့် အလားအလာလည်း ရှိနေတတ်ပြီး လျှပ်စစ်အန္တရာယ်ကဲ့သို့သော အခြားအန္တရာယ်များလည်း ရှိနေတတ်သည့်အတွက် ဝိုင်းဝန်းကူညီကယ်ဆယ်ခြင်းမှ တစ်ပါး သိလိုရုံသက်သက်မျှဖြင့် အုံဖွဲ့ကြည့်ရှု ပိတ်ဆို့နေသည်မျိုး မပြုလုပ်သင့်ပေ။ ယင်းသို့ကြည့်ရှုခြင်းမျိုးက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေသည်။

သဘာဝဘေးအန္တရာယ်များ ကျရောက်ဆဲ၊ ကျရောက်ပြီးချိန်တွင်မူ ကူညီကယ်ဆယ်ရေးသည်သာ အဓိကဖြစ်သည်။ ကူညီကယ်ဆယ်မှုများ ထိရောက်လျင်မြန်ပါမှ ဘေးဒုက္ခခံစားကြရသူတို့ ကိုယ်စိတ်နှစ်ပါး သက်သာရာရကြမည်ဖြစ်သည်။ ကြိုတင်မျှော်တွေးပြင်ဆင်ထားမှု၊ ကျွမ်းကျင်မှု၊ ကောင်းစွာစီမံခန့်ခွဲတတ်မှုတို့တွင် ကရုဏာနှင့် စေတနာတို့ ပေါင်းစပ်ထားမှသာ ကူညီကယ်ဆယ်မှုများ ထိရောက်လျင်မြန်နိုင်မည်လည်း ဖြစ်သည်။ ထို့ပြင်တစ်ဝ ကူညီကယ်ဆယ်ရေးလုပ်ငန်းများသည် တစ်ကိုယ်တော်ဆောင်ရွက်ခြင်းမဟုတ်ဘဲ အင်အားစုဖွဲ့၍ ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်ကြရခြင်းဖြစ်သည့်အလျောက် တာဝန်ရှိသူများနှင့် အတူ ပြည်သူလူထုကလည်း တစ်တပ်တစ်အား ပါဝင်ကူညီကြရေးအတွက် အသိပေးနှိုးဆော်အပ်ပါကြောင်း။ ။

ရဲတပ်သားသစ်(အမျိုးသမီး) သင်တန်းအမှတ်စဉ်(၅၀/၂၀၁၉) သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် သြဂုတ် ၁၀

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း ရမည်းသင်းမြို့တွင် ဖေဖော်ဝါရီ ၁၁ ရက်မှ သြဂုတ် ၉ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့သည့် ရဲတပ်သားသစ် (အမျိုးသမီး) သင်တန်းအမှတ်စဉ် (၅၀/၂၀၁၉) အောင်ဆန်းတပ်ခွဲ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီး၊ ရဲမှူးကြီး စိုးလွင်မိုးက ကျောင်းဆင်းတပ်ခွဲ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲများကို လိုက်လံစစ်ဆေး၍ စံပြကျောင်းသူဆုရ ရတနာထွန်း၊ လေ့ကျင့်ရေးနှင့် သေနတ်ပစ်ထူးချွန်ဆုရ စိုးနန္ဒာခိုင်၊ ဥပဒေထူးချွန်ဆုရ ဇင်နွယ်ဝင်းနှင့် ရဲကျင့်ဝတ်ထူးချွန်ဆုရ ဝေမာလင်းတို့ကို ဆုများချီးမြှင့်သည်။

အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး၊ ရဲမှူးကြီး စိုးလွင်မိုးက ထူးချွန်ဆုရ ရဲတပ်သားတစ်ဦးအား ဆုချီးမြှင့်စဉ်။

ထို့နောက် ကျောင်းအုပ်ကြီးက သင်တန်းဆင်းမိန်ခွန်း ပြောကြားပြီး ကျောင်းဆင်း သင်တန်းသူများက တန်းစီတပ်ပုံ၊ စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။ ကျောင်းဆင်း သင်တန်းသူ ၁၀၇ ဦး တက်ရောက်အောင်မြင်ခဲ့ပြီး သင်တန်းဆင်းပွဲသို့ အရာရှိ/အခြားအဆင့် တပ်ဖွဲ့ဝင် ၁၃၀ နှင့် ၎င်းတို့၏မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

သတင်းစဉ်

မုတ်သုံလေ အားကောင်းနေမည်

နေပြည်တော် သြဂုတ် ၁၀

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေမည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

မိုးသီးနှံစိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှု ကွင်းဆင်းကြည့်ရှု

သိန်းနီ သြဂုတ် ၁၀

လားရှိုးခရိုင် သိန်းနီမြို့နယ် ပိန်းဆာအုပ်စု ပန်စုံကျေးရွာတွင် စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ပဲပုပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို သြဂုတ် ၉ ရက် က စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဦးသက်ဇင်မောင်နှင့် အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

တောင်သူများနှင့်တွေ့ဆုံစဉ် ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ မှာကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦး၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီနှင့် တောင်သူများက ဆွေးနွေးပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောသိန်းထိုက်က အစေ့ထုတ်ပြောင်းစိုက်ခင်းများအတွင်း ငမြှောင်တောင်ပိုး ကာကွယ်ရေးနည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး

✤ *ရှေ့ဖုံးမှ*

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် ဘီးလင်းမြို့ရှိ စစ်ကိုင်းပရိယတ္တိ စာသင်တိုက်သို့ရောက်ရှိပြီး စစ်ကိုင်းပရိယတ္တိစာသင်တိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထောက်ပံ့ငွေများပေးအပ်

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် သြဂုတ် ၉ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုကျမှုဖြစ်ပွားခဲ့သည့် မွန်ပြည်နယ် ပေါင်မြိုနယ် သဲဖြူကုန်းကျေးရွာသို့ သွားရောက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ကြိုးစားပမ်းစားဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ထောက်ပံ့ငွေများ ပေးအပ်ပြီး ဒုတိယသမ္မတက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အထူးအဖွဲ့များဖွဲ့စည်း၍ ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် မုတ္တမတိုက်နယ် ပြည်သူ့ဆေးရုံသို့သွားရောက်ပြီး ရေပြန်လည်ကျဆွားပြီဖြစ်၍ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ မုတ္တမမြို့၊ မြစေတီနန်းဦး စာသင်တိုက်တွင် ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း၌ မုတ္တမတိုက်နယ် ပြည်သူ့ဆေးရုံမှ လူနာများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်သည်။

စားနပ်ရိက္ခာများ ထောက်ပံ့

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မြစေတီနန်းဦးစာသင်တိုက် ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သဘာဝဘေး အန္တရာယ်သင့် ပြည်သူများအား ထောက်ပံ့ငွေနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ထားရှိမှု အခြေအနေနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် မုတ္တမမြို့ရှိ စေတဝန်ကျောင်းတိုက်တွင် ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ပြီး

ဒုတိယသမ္မတ ဦးဟင်နရီဝန်ထီးယူ ဘီးလင်းမြို့၊ ငြိမ်းချမ်းရိပ်မြုံ ဓမ္မာစရိယစာသင်တိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒ အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

ဒုတိယသမ္မတ ဦးဟင်နရီဝန်ထီးယူ ဘီးလင်းမြို့၊ ငြိမ်းချမ်းရိပ်မြုံ ဓမ္မာစရိယစာသင်တိုက်တွင် ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား အားပေးစကားပြောကြားစဉ် (အပေါ်ပုံ)နှင့် မြေပြိုကျမှုဖြစ်ပွားခဲ့သည့် သဲဖြူကုန်းကျေးရွာ၌ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် တပ်မတော်သားများအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (ယာပုံ) သတင်းစဉ်

◆ **မမျှော်လင့်သည့် သဘာဝဘေးအန္တရာယ်များ ထပ်မံမကြုံတွေ့ရအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းကြရမည်၊ သတိတရားဟူသည် ပိုသည်မရှိသဖြင့် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူလူထုအနေဖြင့် အမြဲသတိရှိစေရန် အသိပညာပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ အမြဲဆောင်ရွက်ကြရမည်**

မြေပြိုကျမှုဖြစ်ပွားခဲ့သည့် သဲဖြူကုန်းကျေးရွာ သံဖြူရပ်ကွက်မှ သဘာဝဘေးသင့်ပြည်သူများအား တွေ့ဆုံသည်။

ကြိုတင်ကာကွယ်ရေးဆောင်ရွက်

ထိုသို့တွေ့ဆုံစဉ် ဒုတိယသမ္မတက သဲဖြူကုန်းကျေးရွာတွင် ယမန်နေ့က မမျှော်လင့်သော မြေပြိုသည့် သဘာဝဘေးအန္တရာယ်ကို ကြုံတွေ့ခံစားခဲ့ရသည့် ပြည်သူများအတွက် ဝမ်းနည်းစိတ်မကောင်းဖြစ်ရပါကြောင်း၊ ယခုအခါ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော ကူညီထောက်ပံ့မှုများပေးရန် မိမိတို့အဖွဲ့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ မမျှော်လင့်သည့် သဘာဝဘေးအန္တရာယ်များ ထပ်မံမကြုံတွေ့ရအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ သတိတရားဟူသည် ပိုသည်မရှိသဖြင့် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူလူထုအနေဖြင့် အမြဲသတိရှိစေရန် အသိပညာပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ အမြဲဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် တစ်ဦးကောင်း တစ်ယောက်ကောင်း ဆောင်ရွက်၍မရဘဲ တာဝန်ရှိ ဝန်ထမ်းများနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံးက ပိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ကြိုတင်ပြင်ဆင်ခြင်း ကာကွယ်ခြင်းလုပ်ငန်းများကို အလေးထားဆောင်ရွက်ခြင်းအားဖြင့် သဘာဝဘေးနှင့် ကြုံတွေ့ရချိန်တွင် ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးနှင့် အသက်သာဆုံးဖြစ်မည်ဖြစ်ပါကြောင်း၊ လတ်တလော ရှာဖွေကယ်ဆယ်ရေးအတွက် လိုအပ်ချက်များကို ပံ့ပိုးပေးမည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

ယင်းနောက် ဒုတိယသမ္မတသည် မြေပြိုကျမှုဖြစ်ပွားခဲ့သည့် သဲဖြူကုန်းကျေးရွာမှ သေဆုံးခဲ့သူများနှင့် သဘာဝဘေးကြောင့် နေအိမ်များပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည့် မုတ္တမမြို့ရှိ မိုးကုတ်အဖွဲ့ခွဲ (၁၅၃) သို့ သွားရောက်ကာ သဘာဝဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပြီး ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာဘူးများ ထောက်ပံ့ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်လမြိုင်မြို့ ကျိုက်သလ့်စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ၂၀၁၈ ခုနှစ် ဇွန်လက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စေတီတော်မြေထိန်းနံရံ ပျက်စီးခဲ့မှုအား ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အမျိုးသားသဘာဝဘေး ရန်ပုံငွေမှ ငွေကျပ်သိန်း ၅၀၀ အား ဒုတိယသမ္မတက မွန်ပြည်နယ်ဝန်ကြီးချုပ်အား ပေးအပ်လျှက်ရှိပြီး ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဝန်ထီးယူ ကျိုက်သလ့်စေတီတော်ကြီး ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ပြီးမြောက်ကြောင်း ကြေညာပြီးနောက် ဘုရားရှိခိုးပြီး ဘုရားပေါ်ရှိ ရတနာပုံ ရတနာတိုက်ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

ကျိုက်သလ့်စေတီတော်မြတ်ကြီး မြေထိန်းနံရံပျက်စီးခဲ့မှု ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ဒုတိယသမ္မတ ဦးဟင်နရီဝန်ထီးယူက ငွေကျပ်သိန်း ၅၀၀ ပေးအပ်လှူဒါန်းစဉ်။
သတင်းစဉ်

အားပေးစကားပြောကြား

ဒုတိယသမ္မတ ဦးဟင်နရီဝန်ထီးယူ မြေပြိုကျမှုဖြစ်ပွားခဲ့သည့် သဲဖြူကုန်းကျေးရွာမှ ဒေသခံပြည်သူများအား အားပေးစကားပြောကြားစဉ်။ (ဝဲဘုံ)
သတင်းစဉ်

ဒုတိယသမ္မတ ဦးဟင်နရီဝန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က သဘာဝဘေးအန္တရာယ်သင့် ပြည်သူများအား ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာဘူးများ ပေးအပ်စဉ်။ (အောက်ဘုံ)
သတင်းစဉ်

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဝန်ထီးယူ ကျိုက်ထီးရိပ်ကုန်းရပ်ကွက်ရှိ ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကာ ရေဘေးသင့်ပြည်သူများ ကြုံတွေ့ခဲ့ကြရသော ဒုက္ခများ ပြေပျောက်ရန် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးနေကြောင်း ကြားသိခဲ့ရပြီး ကယ်ဆယ်ရေးစခန်းတွင် ရှိနေကြသူများ ကျန်းမာရေးနှင့် ကိုယ်ခံအားကောင်းရန် ဆေးဝါးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ယခုအခါ ကယ်ဆယ်ရေးလုပ်ငန်းများ ပြီးမြောက်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ပြုလုပ်ကြောင်း ကြားသိခဲ့ရသည်။

ကျိုက်ထီးရိပ်ကုန်း ကယ်ဆယ်ရေးစခန်းမှ ရေဘေးသင့်ပြည်သူများ ကြုံတွေ့ခဲ့ကြရသော ဒုက္ခများ ပြေပျောက်ရန် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးနေကြောင်း ကြားသိခဲ့ရ

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယသမ္မတသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး သီရိမင်္ဂလာ ပဋ္ဌာန်းတန်ဆောင်းတွင် ဒုတိယသမ္မတအား မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျိုက်သလ့်စေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်လမြိုင်မြို့ လှိုင်ရပ်ကွက် သဒ္ဓမ္မစေတနာကျောင်းတိုက်တွင် ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကာ ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် အာဟာရမုန့်များ ထောက်ပံ့ပေးအပ်သည်။

သတင်းစဉ်

ကျိုက်မရောမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းပြီး ရေတိုက်စားမှုကြောင့် တံတားတစ်စင်းပြိုကျမှုဖြစ်

ကျိုက်မရော သြဂုတ် ၁၀

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ရာသီဥတုဆိုးရွားမှု၊ ရေတိုက်စားမှုများကြောင့် သြဂုတ် ၉ ရက် ညနေ ၃ နာရီခန့်က ကျွန်းရွာနှင့် ကဒါကျေးရွာကြား မိုင်တိုင် ၇/၆ နှင့် ၇/၇ ရှိ တံတားအမှတ် ၅/၈ အကျယ် ၁၅ ပေရှိသော ကွန်ကရစ်တံတားတစ်စင်း ပြိုကျခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားပြိုကျမှုဖြစ်ရာသို့ တာဝန်ရှိသူများ အချိန်မီရောက်ရှိလာပြီး ခရီးသွားပြည်သူများအတွက် အန္တရာယ်မဖြစ်စေရန် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ပေးခြင်း၊ အန္တရာယ်ရှိသည့်နေရာသို့ သွားလာမှုမရှိစေရေးနှင့် ဒေသခံများနှင့် ခရီးသွားများ သွားလာမှုမပြတ်တောက်စေရန် ဘေလီတံတားတစ်စင်းကို ညတွင်းချင်းဆောက်လုပ်ပေးခဲ့ပြီး ဖြစ်ကြောင်း လမ်းဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်က ပြောသည်။

ယခုအချိန်တွင် အဆိုပါယာယီ ဘေလီတံတားပေါ်မှ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး (ကျိုက်မရော)

ချောင်းဆုံမြို့နယ် အပြိုင်ကျေးရွာတွင် မြေပြိုမှုဖြစ်၊ အိမ်လေးလုံးပြိုကျပြီး လူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

ချောင်းဆုံ သြဂုတ် ၁၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကလော့ကျေးရွာအုပ်စု အပြိုင်ကျေးရွာတွင် ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ က မုတော်ဘုန်းတော်ကြီးကျောင်း ဇရိယာ ပတ်ဝန်းကျင်တွင် မြေပြိုမှုကြောင့် မုတော်ဘုန်းကြီးကျောင်း ဆွမ်းစားဆောင်တစ်ဆောင်၊ လူနေအိမ်လေးလုံး ပျက်စီးခဲ့ပြီး လူတစ်ဦး ထိခိုက်ဒဏ်ရာရရှိကာ ပျက်စီးသွားသည့် အိမ်ထောင်စုဝင် ၁၉ ဦးတို့အား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ထားကြောင်း သိရသည်။

အဆိုပါ ဖြစ်ပွားမှုကြောင့် ဒေါ်သိန်းမော် အသက်(၄၀ နှစ်)တွင် ဒဏ်ရာရရှိခဲ့ကာ မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကြောင်း၊ ဖြစ်ပွားသည့်နေရာကို မွန်ပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ရှင်းလင်းလျက်ရှိပြီး မြေပြိုမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

မြိုနယ်(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မန္တလေး - ပျဉ်းမနား ရထားလမ်းပိုင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် သြဂုတ် ၁၀

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်နှင့် အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးဘူတာကြီး အစည်းဝေးခန်းမ၌ အရာထမ်း/အမှုထမ်းများနှင့် တွေ့ဆုံစဉ် မိမိတို့ဌာနတိုးတက်အောင်မြင်လာစေရန် ဇွဲလုံ့လဖြင့် ကြိုးစားကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ၏ အရည်အချင်း၊ ဆင်ခြင်တုံတရားတို့ တိုးတက်လာစေရန် ကြိုးစားနေထိုင်သွားကြရန် အရေးကြီးကြောင်း၊ ရထားလမ်းပိုင်းများကို အချိန်ယူပြီး စနစ်တကျလုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ အချက်ပြစနစ်များမှာလည်း ပြောင်းလဲတပ်ဆင်သွားမည်ဖြစ်၍ မိမိတို့ဝန်ထမ်းများက ကျွမ်းကျင်စွာလုပ်ဆောင်နိုင်ရန် အရေးကြီးကြောင်း၊ ဝန်ထမ်းများ ညီညီညွတ်ညွတ် ကြိုးစားကြမှသာ မိမိတို့ဌာန အောင်မြင်မည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးဘူတာကြီး ထိန်ချုပ်ခန်းနှင့် စက်ခေါင်းမောင်းများနားနေခန်းအတွက် ရေအေးစက် နှစ်လုံးကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် RBE ရထားဖြင့် ရထားလမ်းတစ်လျှောက် လမ်းများကြုံခိုင်မှု အခြေအနေနှင့် တံတားများကြုံခိုင်မှုရှိစေရန် ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ ကားလမ်းကူးများ ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ မြို့ဟောင်းဘူတာယာဒဝန်း ပြုပြင်ဆောင်ရွက်သွားမည့်နေရာကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(ယာဝုံ)** ယင်းနောက် သာစည်ဘူတာသို့ရောက်ရှိပြီး သာစည်ဘူတာထိန်းချုပ်ခန်းအတွက် ရေအေးစက်တစ်လုံး ပေးအပ်သည်။ ဆက်လက်၍ သာစည်ဘူတာ၊ ရမည်းသင်းဘူတာ၊ တပ်ကုန်းဘူတာများရှိ အရာထမ်း/အမှုထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ လူမှုဖူလုံရေး - ကဲဝဲလ်အထွေထွေရောဂါကုဆေးခန်း (ဒဂုံအရှေ့စက်မှုဇုန်) ဖွင့်ပွဲတက်ရောက်

နေပြည်တော် သြဂုတ် ၁၀

လူမှုဖူလုံရေးအဖွဲ့သည် ပြင်ပလူနာဝန်ဆောင်မှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လူမှုဖူလုံရေး-ကဲဝဲလ် အထွေထွေရောဂါကု ဆေးခန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

လူမှုဖူလုံရေး - ကဲဝဲလ် အထွေထွေရောဂါကုဆေးခန်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူစွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်စုစုမိုးကြည်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေကျော်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးမြင့်သန်း၊ အလုပ်သမားကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် ကဲဝဲလ်မက်ဒီကယ်ကုမ္ဍဏီမှ ဒေါက်တာကျော်တင်လတ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများ လူမှုဖူလုံရေး-ကဲဝဲလ် အထွေထွေရောဂါကုဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ကနောင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများ အားကိုးအားထား ပြုရသည့် ဌာနတစ်ခုဖြစ်ရန်အတွက် အလုပ်ရှင်၊ အလုပ်သမားများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် ဆေးကုသမှုဝန်ဆောင်မှုကို ယခုထက် ပိုမိုထိရောက်အောင် ဆောင်ရွက်ပေးရန်နှင့် အကျိုးခံစားခွင့်များ ခွင့်ပြုပေးရာတွင် ပိုမိုလွယ်ကူလျင်မြန်ရန်အတွက် ပြုပြင်ပြောင်းလဲမှုများကို ILO ၏ နည်းပညာအကူအညီရယူပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုပေးရန်

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးဖြစ်ပေါ်တိုးတက်မှုများအရ တိုင်းဒေသကြီး၊ ပြည်နယ်များအနက် ရန်ကုန်တိုင်းဒေသကြီးသည် လုပ်သားဦးရေအများဆုံးရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး အကျုံးဝင်လုပ်ငန်းဌာနပေါင်း ၁၂၆၉၉ ခုမှ အာမခံအလုပ်သမားပေါင်း ၉၄၅၃,၂၉ ဦး ရှိသည့်အတွက် တစ်နိုင်ငံလုံးတွင်ရှိသည့် အာမခံအလုပ်သမားများ၏ ၆၉ ဒသမ ၄၈ ရာခိုင်နှုန်း ရှိပါကြောင်း၊ လူမှုဖူလုံရေးအဖွဲ့သည် ဒဂုံအရှေ့စက်မှုဇုန်အတွင်းရှိ အကျုံးဝင်အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပြီး ကဲဝဲလ်ဆေးခန်းနှင့် စာချုပ်ချုပ်ဆို၍ လူမှုဖူလုံရေး - ကဲဝဲလ်ဆေးခန်းကို ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးရခြင်း ဖြစ်ကြောင်း၊ ဆေးခန်းခုနစ်ခန်း ဖွင့်လှစ်နိုင်ခဲ့

ထို့အပြင် တစ်နိုင်ငံလုံး အတိုင်းအတာအနေနှင့် အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် Provider Purchaser Split (PPS) စနစ်ကို အကောင်အထည်ဖော်ရန် Pilot စီမံကိန်းကို ရေးဆွဲချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ Pilot ဆေးခန်း ခုနစ်ခန်းကို ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းအပြင် လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံ၊ ဆေးခန်းများကို အဆင့်မြှင့်တင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီး ဒေါ်စုစုမိုးကြည်က အမှာစကား ပြောကြားပြီး အလုပ်ရှင်နှင့် အလုပ်သမား ကိုယ်စားလှယ်များက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

ရန်ကုန် သြဂုတ် ၁၀

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် တာဝန်ရှိသူများနှင့်အတူ သြဂုတ် ၁၀ ရက်တွင် အင်းစိန်မြို့နယ်အတွင်းရှိ ရွာမသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ တာမွေမြို့နယ်ရှိ ၆၆ ကေဗွီ GIS ခွဲရုံ တည်ဆောက်နေမှု အခြေအနေနှင့် ကမ်းလွန်အခြေစိုက်စခန်း(သာကေတ) တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရွာမဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး စက်မောင်းနှင်ချိန်နာရီများလာသဖြင့် အကြီးစားထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် EGAT အမှတ်(၂) စက်ပြင်ဆင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးသန်းနိုင်ဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက သတ်မှတ်ချိန်အတွင်း အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်၍ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန်နှင့် ဓာတ်အားပေးစက်ကြီးများ ကြုံခိုင်ကောင်းမွန်စေရေး စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်သွားကြရန် မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တာမွေမြို့နယ်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ ၆၆/၁၁/၆ ဒသမ ၆ ကေဗွီ ၆၀ အမ်ဗွီအေ တာမွေစျေး GIS ဓာတ်အားခွဲရုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများအား ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ ၆၆ ကေဗွီ တာမွေစျေး ဓာတ်အားခွဲရုံအား ဓာတ်အားပေးနိုင်ရန်အတွက် ၆၆ ကေဗွီ ပုသိမ်ညွှန့်ဓာတ်အားခွဲရုံမှ ၆၆ ကေဗွီဓာတ်အားလိုင်း Double Circuit ၁ ဒသမ ၁၄ မိုင်အား တည်ဆောက်လျက်ရှိပြီး ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ ဓာတ်အားသုံးစွဲသူပြည်သူများ အရည်အသွေးပြည့်ဝသော လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်မည့်အပြင် ၆၆ ကေဗွီ ပုသိမ်ညွှန့်ဓာတ်အားခွဲရုံမှတစ်ဆင့် ၆၆ ကေဗွီ ကျိုက္ကဆံဓာတ်အားခွဲရုံ၊ ၆၆ ကေဗွီ သုဝဏ္ဏဓာတ်အားခွဲရုံနှင့် ၆၆ ကေဗွီ ကမာကြည်(မင်းဒင်) ဓာတ်အားခွဲရုံတို့နှင့် အပြန်အလှန် ချိတ်ဆက်ဓာတ်အားပေးနိုင်မည်ဖြစ်၍ နောင်တိုးချဲ့လာမည့် ဓာတ်အားစနစ်အတွက် အသင့်ဖြစ်စေပြီး ဓာတ်အားပြတ်တောက်မှု လျော့နည်းစေမည်ဖြစ်သည်။

ကမ်းလွန်အခြေစိုက်စခန်း(သာကေတ)

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် သာကေတမြို့နယ်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ကမ်းလွန်အခြေစိုက်စခန်း (သာကေတ)သို့ ရောက်ရှိရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များမှာကြားခဲ့ပြီး ကမ်းလွန်အခြေစိုက်စခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကမ်းလွန် အခြေစိုက်စခန်း(သာကေတ)သည် ကုန်းတွင်းနှင့် ကမ်းလွန်ရေနံ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများအား အောင်မြင်စွာ ပြုလုပ်နိုင်စေရန် အထောက်အကူပြု လုပ်ငန်းများအား ဆောင်ရွက်ပေးရခြင်း၊ ကုန်းတွင်းရေနံရှာဖွေတူးဖော်ထုတ်လုပ်သည့် ပြည်တွင်း၊ ပြည်ပမှ ဝယ်ယူထားသော လုပ်ငန်းသုံးပစ္စည်းများအား လက်ခံသိုလှောင်၍ လိုအပ်သည့် နေရာဒေသများသို့ ထောက်ပံ့ပို့ဆောင်ဖြန့်ဖြူးပေးခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့ထိန်း/ဖြန့်စခန်းများ၊ အသုံးချသုတေသနဌာန၊ ပိုက်လိုင်းအခြေစိုက်စခန်းများ၊ အောက်မြန်မာပြည်ရေနံမြေအစမ်းတွင်း ဒေသများတွင် တည်ဆောက်ပြုပြင် ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ၊ စက်ယန္တရားများ ထောက်ပံ့ပို့ဆောင်ပေးခြင်း လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပန်ဆောင်မြို့ နောင်ဆိုင်ကျေးရွာ၌ မူလတန်းကျောင်းမှ မူလွန်ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်

ပန်ဆောင် သြဂုတ် ၁၀

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနန်းယွန်းမြို့နယ် ပန်ဆောင်မြို့နောင်ဆိုင်ကျေးရွာတွင် ယခင်မူလတန်းကျောင်းမှ အခြေခံပညာ မူလွန်ကျောင်းဆောင်သစ်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခြင်းကို ယမန်နေ့က အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ဖွင့်လှစ်ခဲ့သည်။

မူလွန်ကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းဦးက အမှာစကားပြောကြားသည်။

အဆိုပါကျောင်းဆောင်သစ် တိုးမြှင့်ဖွင့်ပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများနှင့် ဒေသခံပြည်သူများ ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

စနေမောင်(ခန္ဓီး)

အမြန်လမ်းနှင့် စက္ကန့်စည်းမျဉ်းများ

ဆောမျိုးနွယ်

ရန်ကုန် - မန္တလေးအမြန်လမ်းမကြီးပေါ်မှာ ရှေ့ကမောင်းနေတဲ့ လီဖန်းယာဉ်ကို နောက်ကမောင်းလာတဲ့ ပရိုဘောက်ယာဉ်က ဝင်တိုက်မိတဲ့ဖြစ်စဉ်တစ်ခု ဖတ်လိုက်ရပါတယ်။ သတင်းစာဓာတ်ပုံမှာ ဖော်ပြထားတဲ့ပုံအရ ရှေ့ကမောင်းနေတဲ့ယာဉ်က ယာဉ်ကြောအမှန်မှာမောင်းနေတာကို နောက်ယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိတဲ့သဘော ဖြစ်နေပါတယ်။

ယာဉ်မတော်တဆမှုဖြစ်စဉ်မှာ ပရိုဘောက်ယာဉ်ပေါ်မှာ လိုက်ပါလာသူတွေထဲက တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြထားပါတယ်။ ပြောချင်တာကတော့ အမြန်လမ်းမှာ ယာဉ်မတော်တဆဖြစ်ပြီဆိုလျှင် ထိခိုက်ဒဏ်ရာရသေကျေကြတဲ့ ကိန်းဂဏန်းတွေ ပါလာလေ့ရှိတယ်ဆိုတာပါပဲ။ ဒါကလည်း မောင်းနှင်နေကြတဲ့ အရှိန်နဲ့ တိုက်ရိုက်သက်ဆိုင်နေပြန်ပါတယ်။

အဲဒီဖြစ်စဉ်မှာ ရှေ့ကမောင်းတဲ့ လီဖန်းယာဉ်က ဘယ်လိုပဲ ယာဉ်ကြောမှန်က မောင်းသည်ဖြစ်စေ အမြန်လမ်းမကြီးပေါ်မှာ မောင်းနှင်ခွင့်မရှိတဲ့ယာဉ်ဖြစ်နေပါတယ်။ နောက်ကမောင်းတဲ့ ပရိုဘောက်ယာဉ်အနေနဲ့လည်း မိမိယာဉ်ပေါ်မှာ ပါလာတဲ့လူတွေကို သေကျေဒဏ်ရာရစေတဲ့အထိ ရှေ့ယာဉ်ကိုနောက်ကနေ ဝင်တိုက်မိတဲ့အထိယာဉ်ကို မထိန်းသိမ်းနိုင်ခဲ့တာတွေ့ရပါတယ်။ ဒါတွေအားလုံးကတော့ သက်ဆိုင်ရာဥပဒေတွေ၊ စည်းကမ်းတွေနဲ့ ရင်ဆိုင်ဖြေရှင်းကြရမှာပေါ့လေ။

အန္တရာယ်ကင်း နောက်လိုက်အကွာအဝေး

ဒီဖြစ်စဉ်ကိုမူတည်ပြီး ရှေ့ယာဉ်နဲ့ အန္တရာယ်ကင်းအကွာအဝေးအကြောင်းကို ပြောလိုပါတယ်။ အန္တရာယ်ကင်းနောက်လိုက်အကွာအဝေးလို့လည်း ခေါ်ပါတယ်။ ယာဉ်မောင်းနှင်နေစဉ်မှာ ယာဉ်တစ်စီးနဲ့တစ်စီးအကြားထားရှိရမယ့် အကွာအဝေးဖြစ်ပါတယ်။ တစ်စီးနဲ့ တစ်စီးအကြားထားရှိရမယ့် အကွာအဝေးဆိုတော့ အဲဒီအကွာအဝေးကို ထိန်းပေးဖို့ကိစ္စက နောက်ကလိုက်တဲ့ယာဉ်ကပဲ ဆောင်ရွက်နိုင်တာပါ။ ဒါကြောင့် ယာဉ်မောင်းသူတိုင်းဟာ မိမိရဲ့ရှေ့ယာဉ်နဲ့ အကွာအဝေးကို ထိန်းပေးရမယ့်သူတွေပဲ ဖြစ်ပါတယ်။

မိမိရဲ့ရှေ့ယာဉ်နဲ့ ဘယ်လောက်ခွာပြီး မောင်းရမယ်ဆိုတဲ့ အန္တရာယ်ကင်းအကွာအဝေးကို စည်းမျဉ်းတစ်ခုထုတ်ပြန်ပြီး သတ်မှတ်ခဲ့ကြပါတယ်။ အဲဒါကိုတော့ "နှစ်စက္ကန့်စည်းမျဉ်း" လို့ခေါ်ပါတယ်။ ဘယ်အရှိန်နဲ့ သွားနေတဲ့ယာဉ်ဖြစ်ပါစေ။ ယာဉ်အားလုံးနဲ့ သက်ဆိုင်တဲ့စည်းမျဉ်း ဖြစ်ပါတယ်။ ယာဉ်အန္တရာယ်ကင်းအောင် မိမိယာဉ်နဲ့ ရှေ့ယာဉ်အကွာအဝေးကို နှစ်စက္ကန့်ခွာပြီး မောင်းပါလို့ဆိုတဲ့သဘောပါပဲ။ အကွာအဝေးကို အရှိန်နဲ့ ပြောနေတာဖြစ်လို့ နားရှုပ်သွားမယ်လို့ ထင်ပါတယ်။ နှစ်စက္ကန့်စည်းမျဉ်းအရ နှစ်စက္ကန့်ခွာ မောင်းရမယ်ဆိုတာ ဘယ်လိုသဘောလဲဆိုတာ တွက်ချက်ပြပါမယ်။

နှစ်စက္ကန့်စည်းမျဉ်းအရ အကွာအဝေး

သင်သည် တစ်နာရီလျှင် ၄၈ကီလိုမီတာ မိုင်၃၀ အမြန်နှုန်းဖြင့်မောင်းနေစဉ် သင့်ယာဉ်နှင့် သင့်ရှေ့ရှိယာဉ်၏ကြားတွင် နှစ်စက္ကန့်စည်းမျဉ်းအရ မည်မျှအကွာအဝေးရှိရမည်နည်း။ ဒီမေးခွန်းကို ကီလိုမီတာနဲ့ တစ်မျိုး၊ မိုင်နဲ့တစ်မျိုး တွက်ပြပါမယ်။

-ကီလိုမီတာဖြင့်တွက်သော် ၄၈ကီလိုမီတာ=၄၈×၁၀၀=၄၈၀၀၀ မီတာ၊ တစ်နာရီ=၆၀×၆၀=၃၆၀၀စက္ကန့်၊ တစ်စက္ကန့် အမြန်နှုန်း= ၄၈၀၀၀÷၃၆၀၀ =၁၃.၃မီတာ။ ထို့ကြောင့်နှစ်စက္ကန့်တွင်ရောက်ရှိမည့်အကွာအဝေး = ၁၃.၃× ၂= ၂၆.၆= ၂၇မီတာ။

-မိုင်ဖြင့်တွက်သော် ၃၀မိုင်= ၃၀×၅၂၈၀=၁၅၈၄၀၀ပေ၊ တစ်နာရီ=၃၆၀စက္ကန့်၊ တစ်စက္ကန့်အမြန်နှုန်း= ၁၅၈၄၀၀÷ ၃၆၀၀=၄၄ ပေ။ ထို့ကြောင့် နှစ်စက္ကန့်တွင်ရောက်ရှိမည့်အကွာအဝေး= ၄၄× ၂= ၈၈=၉၀ ပေ။

ဒါကြောင့်နှစ်စက္ကန့်စည်းမျဉ်းအရ ယာဉ်နှစ်စီးအကြားမှာ ရှိရမယ့် အကွာအဝေးဟာ ၂၇ မီတာ ၉၀ ပေ ဖြစ်တယ်ဆိုတဲ့ အဖြေပါပဲ။ အမြန်နှုန်းပြောင်းတာနဲ့အမျှ ကြားအကွာအဝေး ပြောင်းပေးရမှာဖြစ်ပါတယ်။ ကမ္ဘာမှာ ဒီစည်းမျဉ်းကို ၂၀၁၁ ခုနှစ်အထိ အသုံးပြုခဲ့ကြတယ်လို့ လေ့လာသိရှိရပါတယ်။ မြန်မာနိုင်ငံမှာလည်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှူးဦးစီးဌာနက ထုတ်တဲ့စာအုပ်တွေမှာ ဖော်ပြထားတာကို တွေ့ရပါတယ်။

သုံးစက္ကန့်စည်းမျဉ်း

နောက်ပိုင်းမှာတော့ အမေရိကန်နိုင်ငံ National Safety Council က တစ်စက္ကန့်တိုးပြီး သုံးစက္ကန့်စည်းမျဉ်းကို ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။ နှစ်စက္ကန့်စည်းမျဉ်းက အန္တရာယ်ကင်းရပ်တန့်မှုအကွာအဝေးအတွက် မလုံလောက်ကြောင်း ဖော်ထုတ်နိုင်ခဲ့ကြပါတယ်။ အဲဒီ အခြေအနေတွေကတော့ ရာသီဥတုကြောင့် မြင်ကွင်းကန့်သတ်ချက်ဖြစ်နေချိန်၊ မိုး နှင်းရေခဲပြင်တွေကြောင့် လမ်းချောနေတဲ့နေရာတွေ၊ ကုန်တင်ယာဉ်ဆိုင်ကယ်စက်ဘီးခြေကျင်လျှောက်သူတွေနဲ့ ယာဉ်ကြောရှုပ်ထွေးနေချိန်၊ လမ်းပေါ်မှာ အတားအဆီးရှိနေတဲ့နေရာမျိုးတွေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာတဲ့ ယာဉ်မောင်းတွေက နှစ်စက္ကန့်စည်းမျဉ်းကို မလုံလောက်စေတော့တာ ဖြစ်ပါတယ်။

သုံးစက္ကန့်စည်းမျဉ်းကို သတ်မှတ်ရာမှာတော့ လမ်းမျက်နှာပြင်ခြောက်သွေ့တဲ့လမ်းပေါ်မှာ အမြန်နှုန်းအမျိုးမျိုးအတွက် အန္တရာယ်ကင်းရပ်တန့်မှုအကွာအဝေးကို လက်တွေ့စမ်းသပ်ဖော်ထုတ်ခဲ့ကြတာ ဖြစ်ပါတယ်။ မိမိယာဉ်ကို ဘယ်လိုမိုင်နှုန်းနဲ့ မောင်းမောင်း သုံးစက္ကန့်စည်းမျဉ်းအကွာအဝေးခွာပြီး မောင်းရင် အရှိန်မီရပ်တန့်နိုင်တာဖြစ်လို့ အခုအရှိန်မှာ သုံးစွဲနေတဲ့ စည်းမျဉ်းဖြစ်ပါတယ်။

လေးစက္ကန့်စည်းမျဉ်း

လမ်းမျက်နှာပြင်ခြောက်သွေ့တဲ့ သာမန်အခြေအနေမှာ သုံးစက္ကန့်စည်းမျဉ်းဟာ လက်တွေ့စမ်းသပ်ချက်တွေအရ လုံလောက်မှုရှိတဲ့ စည်းမျဉ်းဖြစ်ပါတယ်။ အဲဒီစည်းမျဉ်းကိုပဲ လက်ခံကျင့်သုံးနေကြပါတယ်။ ဒါပေမယ့် စိုစွတ်တဲ့လမ်း၊ နှင်းခဲဖုံးတဲ့လမ်းနဲ့ နောက်တွဲယာဉ်တွေကို ဆွဲတဲ့ယာဉ်တွေအတွက် ရှေ့ယာဉ်နဲ့ အကွာအဝေးကို လေးစက္ကန့်စာ ခွာလိုက်ရပါမယ်။ မြန်မာနိုင်ငံမှာတော့ မည်သည့်ယာဉ် မည်သည့်အရှိန်နဲ့ မဆို သာမန်အခြေအနေမှာ ရှေ့ယာဉ်နဲ့ လေးစက္ကန့်စာခွာလိုက်ရမယ်လို့ သတ်မှတ်ထားပါတယ်။ ဒါဟာ လေးစက္ကန့်စည်းမျဉ်း သတ်မှတ်ချက်ပါပဲ။

အခုတင်ပြခဲ့တဲ့ စည်းမျဉ်းတွေက သာမန်အခြေအနေမှာ အနိမ့်ဆုံး အနည်းဆုံးသတ်မှတ်ချက်တွေ ဖြစ်ပါတယ်။ လမ်းမျက်နှာပြင်စိုစွတ်ပြီး လမ်းချောနေမယ်ဆိုရင်တော့ ယာဉ်မောင်းကိုယ်တိုင်က သုံးစက္ကန့်ကနေ ခြောက်စက္ကန့်ကို ပြောင်းတာမျိုး၊ လေးစက္ကန့်ကနေ ရှစ်စက္ကန့်ပြောင်းတာမျိုး လုပ်သွားရမှာပါ။

မီးပွိုင့်တွေမှာပါ လိုက်နာကြ

စက္ကန့်စည်းမျဉ်းတွေက ရှေ့ယာဉ်နဲ့ အန္တရာယ်ကင်းအကွာအဝေး၊ အန္တရာယ်ကင်း နောက်လိုက်အကွာအဝေးဆိုတဲ့ မောင်းနှင်စဉ် အကွာအဝေးသတ်မှတ်ချက်တွေ ဖြစ်ပါတယ်။ ဒါတင်မကပါဘူး။ မီးပွိုင့်ကလွှတ်လို့ ထွက်ခွာတဲ့အခါတွေမှာ ရှေ့ယာဉ်ထွက်ခွာပြီး မိမိယာဉ်စောင့်ရမယ့်အချိန်လည်း ဖြစ်ပါ

> **" အမြန်နှုန်းကို ထက်ဝက်လျှော့ချရာမှာ ဘယ်နှုန်းကို စံထားပြီး လျှော့ရမှာလဲဆိုတာကို ထင်သာမြင်သာရှိတဲ့ ဥပမာ တစ်ခုပေးရမယ်ဆိုရင် အမြန်လမ်းမှာ တစ်နာရီကီလိုမီတာ ၁၀၀ နှုန်းထက်မကျော်ဖို့ ကန့်သတ်ထားတာ ရှိပါတယ်။ ဒါတောင် အကွေ့နေရာတွေမှာ အမြန်နှုန်းကို သီးခြားကန့်သတ်ပေးထားတာတွေ ရှိပါသေးတယ်။ အဲဒီကန့်သတ်ချက်တွေက ရာသီဥတုကောင်းတဲ့ သာမန်အချိန်တွေအတွက် ကန့်သတ်ပေးထားတာပါ။ လမ်းမျက်နှာပြင်စိုစွတ်နေချိန်မှာ အမြန်နှုန်းကို ထက်ဝက်လျှော့ချရမယ်ဆိုရင် ၁၀၀ ကီလိုမီတာနှုန်းကို စံထားပြီး ထက်ဝက်ဖြစ်တဲ့ ၅၀ ကီလိုမီတာနှုန်းနဲ့မောင်းရမှာ ဖြစ်ပါတယ် "**

ကြားရပ်တန့်မှုအကွာအဝေးအတွက် မလုံလောက်ကြောင်း ဖော်ထုတ်နိုင်ခဲ့ကြပါတယ်။ အဲဒီ အခြေအနေတွေကတော့ ရာသီဥတုကြောင့် မြင်ကွင်းကန့်သတ်ချက်ဖြစ်နေချိန်၊ မိုး နှင်းရေခဲပြင်တွေကြောင့် လမ်းချောနေတဲ့နေရာတွေ၊ ကုန်တင်ယာဉ်ဆိုင်ကယ်စက်ဘီးခြေကျင်လျှောက်သူတွေနဲ့ ယာဉ်ကြောရှုပ်ထွေးနေချိန်၊ လမ်းပေါ်မှာ အတားအဆီးရှိနေတဲ့နေရာမျိုးတွေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာတဲ့ ယာဉ်မောင်းတွေက နှစ်စက္ကန့်စည်းမျဉ်းကို မလုံလောက်စေတော့တာ ဖြစ်ပါတယ်။

သုံးစက္ကန့်စည်းမျဉ်းကို သတ်မှတ်ရာမှာတော့ လမ်းမျက်နှာပြင်ခြောက်သွေ့တဲ့လမ်းပေါ်မှာ အမြန်နှုန်းအမျိုးမျိုးအတွက် အန္တရာယ်ကင်းရပ်တန့်မှုအကွာအဝေးကို လက်တွေ့စမ်းသပ်ဖော်ထုတ်ခဲ့ကြတာ ဖြစ်ပါတယ်။ မိမိယာဉ်ကို ဘယ်လိုမိုင်နှုန်းနဲ့ မောင်းမောင်း သုံးစက္ကန့်စည်းမျဉ်းအကွာအဝေးခွာပြီး မောင်းရင် အရှိန်မီရပ်တန့်နိုင်တာဖြစ်လို့ အခုအရှိန်မှာ သုံးစွဲနေတဲ့ စည်းမျဉ်းဖြစ်ပါတယ်။

လေးစက္ကန့်စည်းမျဉ်း

လမ်းမျက်နှာပြင်ခြောက်သွေ့တဲ့ သာမန်အခြေအနေမှာ သုံးစက္ကန့်စည်းမျဉ်းဟာ လက်တွေ့စမ်းသပ်ချက်တွေအရ လုံလောက်မှုရှိတဲ့ စည်းမျဉ်းဖြစ်ပါတယ်။ အဲဒီစည်းမျဉ်းကိုပဲ လက်ခံကျင့်သုံးနေကြပါတယ်။ ဒါပေမယ့် စိုစွတ်တဲ့လမ်း၊ နှင်းခဲဖုံးတဲ့လမ်းနဲ့ နောက်တွဲယာဉ်တွေကို ဆွဲတဲ့ယာဉ်တွေအတွက် ရှေ့ယာဉ်နဲ့ အကွာအဝေးကို လေးစက္ကန့်စာ ခွာလိုက်ရပါမယ်။ မြန်မာနိုင်ငံမှာတော့ မည်သည့်ယာဉ် မည်သည့်အရှိန်နဲ့ မဆို သာမန်အခြေအနေမှာ ရှေ့ယာဉ်နဲ့ လေးစက္ကန့်စာခွာလိုက်ရမယ်လို့ သတ်မှတ်ထားပါတယ်။ ဒါဟာ လေးစက္ကန့်စည်းမျဉ်း သတ်မှတ်ချက်ပါပဲ။

အခုတင်ပြခဲ့တဲ့ စည်းမျဉ်းတွေက သာမန်အခြေအနေမှာ အနိမ့်ဆုံး အနည်းဆုံးသတ်မှတ်ချက်တွေ ဖြစ်ပါတယ်။ လမ်းမျက်နှာပြင်စိုစွတ်ပြီး လမ်းချောနေမယ်ဆိုရင်တော့ ယာဉ်မောင်းကိုယ်တိုင်က သုံးစက္ကန့်ကနေ ခြောက်စက္ကန့်ကို ပြောင်းတာမျိုး၊ လေးစက္ကန့်ကနေ ရှစ်စက္ကန့်ပြောင်းတာမျိုး လုပ်သွားရမှာပါ။

မီးပွိုင့်တွေမှာပါ လိုက်နာကြ

စက္ကန့်စည်းမျဉ်းတွေက ရှေ့ယာဉ်နဲ့ အန္တရာယ်ကင်းအကွာအဝေး၊ အန္တရာယ်ကင်း နောက်လိုက်အကွာအဝေးဆိုတဲ့ မောင်းနှင်စဉ် အကွာအဝေးသတ်မှတ်ချက်တွေ ဖြစ်ပါတယ်။ ဒါတင်မကပါဘူး။ မီးပွိုင့်ကလွှတ်လို့ ထွက်ခွာတဲ့အခါတွေမှာ ရှေ့ယာဉ်ထွက်ခွာပြီး မိမိယာဉ်စောင့်ရမယ့်အချိန်လည်း ဖြစ်ပါ

အသုံးပြုသည့်ယူ)။

- ၄၀ကီလိုမီတာအတွက် ထိုတွက်နည်းအတိုင်းတွက်လျှင် ၁၀၀ ပေ။
- ၆၀ ကီလိုမီတာအတွက် ပေ ၁၅၀။
- ၈၀ကီလိုမီတာအတွက် ပေ ၂၀၀။
- ၁၀၀ကီလိုမီတာအတွက် ပေ ၂၅၀ ဆိုပြီး ရပါတယ်။ ကိုယ်တိုင်တွက်ကြည့်လို့ ရပါတယ်။

အဲဒီတော့ ကီလိုမီတာဒိုင်ခွက်ကြည့်ပြီး အခြေခံဖြစ်တဲ့ ၂၀ကီလိုမီတာမှာ ပေ ၅၀ ခွာမောင်းရမယ်။ နောက်တစ်ကွက်ဖြစ်တဲ့ ၄၀ ကီလိုမီတာဆို ပေ ၁၀၀ ခွာရမယ်နဲ့ ၅၀ စီ တိုးတာလေးကို ပုံသေမှတ်ထားပြီး ၁၀၀ ကီလိုမီတာမောင်းနေချိန်မှာတော့ ရှေ့ယာဉ်နဲ့ ပေ ၂၅၀ ခွာမောင်းရပါမယ်။ အဲဒီလိုမောင်းတာဟာ စနစ်တကျလက်တွေ့စမ်းသပ်ပြီး ထုတ်ပြန်ထားတဲ့ စည်းမျဉ်းတစ်ခုကို လိုက်နာလိုက်တာဖြစ်လို့ အန္တရာယ်ကင်းကြပါလိမ့်မယ်။

အမြန်နှုန်းကို ထက်ဝက်လျှော့ချ

ဒါပေမယ့်လည်း အဲဒီစည်းမျဉ်းတွေက သာမန်အခြေအနေကိုမူတည်ပြီး စမ်းသပ်ထုတ်ပြန်ထားတာဖြစ်လို့ မူသေလိုက်နာကြရမယ်လို့ မဆိုလိုပါဘူး။ ရာသီဥတုကြောင့် လမ်းမျက်နှာပြင် စိုစွတ်နေရင် မြင်ကွင်းမကောင်းရင် အမြန်နှုန်းကို ထက်ဝက် လျှော့ချပြီး မောင်းရမယ်ဆိုတဲ့အချက်ကိုပါ လိုက်နာကြရမှာပါ။ အဲဒီလိုမှ မလိုက်နာပြန်ဘူးဆိုရင်တော့ အခြားသူတွေရဲ့ ပယောဂမပါဘဲ ကိုယ့်ယာဉ်တစ်စီးတည်းနဲ့တင် ဒုက္ခတွေ့ကြရပါလိမ့်မယ်။ လမ်းချော်ပြီး တိမ်းမှောက်တာမျိုး၊ လမ်းဘေးထိုး ကျတာမျိုး၊ လမ်းဘေးကတစ်ခုခုကို ဝင်တိုက်မိတာမျိုးကို ဆိုလိုတာပါ။

အမြန်နှုန်းကိုထက်ဝက်လျှော့ချပြီး မောင်းရမယ်ဆိုတော့ ဘယ်အမြန်နှုန်းက စံလဲလို့ မေးစရာရှိပါတယ်။ ဘာလို့အမြန်နှုန်းကို လျှော့ရတာလဲလို့လည်း မေးနိုင်ပါတယ်။ အမြန်နှုန်းကိုပြောင်းဖို့အတွက် လမ်းပုံသဏ္ဌာန်၊ လမ်းရဲ့အကျယ်၊ လမ်းမျက်နှာပြင်အခြေအနေနဲ့ အန္တရာယ်အနေအထားတွေအပေါ် အခြေခံပြီး ဆုံးဖြတ်ရပါတယ်။ လမ်းမျက်နှာပြင်အခြေအနေက စိုစွတ်နေပြီဆိုရင် အရှိန်လျှော့ဖို့ ဆုံးဖြတ်ရပါမယ်။ စိုစွတ်တဲ့ လမ်းမှာ ယာဉ်တစ်စီးရပ်တန့်နိုင်ဖို့အတွက် ခြောက်သွေ့တဲ့ လမ်းမှာထက် အကွာအဝေးများစွာလိုအပ်တာကြောင့် အမြန်နှုန်းကို မဖြစ်မနေလျှော့ရတာဖြစ်ပါတယ်။

ဘယ်နှုန်းကို စံထားပြီးလျှော့ရမှာလဲ

အမြန်နှုန်းကို ထက်ဝက်လျှော့ချရာမှာ ဘယ်နှုန်းကို စံထားပြီး လျှော့ရမှာလဲဆိုတာကို ထင်သာမြင်သာရှိတဲ့ ဥပမာ တစ်ခုပေးရမယ်ဆိုရင် အမြန်လမ်းမှာ တစ်နာရီကီလိုမီတာ ၁၀၀ နှုန်းထက် မကျော်ဖို့ ကန့်သတ်ထားတာ ရှိပါတယ်။ ဒါတောင် အကွေ့နေရာတွေမှာ အမြန်နှုန်းကို သီးခြားကန့်သတ်ပေးထားတာတွေ ရှိပါသေးတယ်။ အဲဒီကန့်သတ်ချက်တွေက ရာသီဥတုကောင်းတဲ့ သာမန်အချိန်တွေအတွက် ကန့်သတ်ပေးထားတာပါ။ လမ်းမျက်နှာပြင်စိုစွတ်နေချိန်မှာ အမြန်နှုန်းကို ထက်ဝက်လျှော့ချရမယ်ဆိုရင် ၁၀၀ ကီလိုမီတာနှုန်းကို စံထားပြီး ထက်ဝက်ဖြစ်တဲ့ ၅၀ ကီလိုမီတာနှုန်းနဲ့မောင်းရမှာ ဖြစ်ပါတယ်။

တကယ်တော့ ခြောက်သွေ့တဲ့အချိန် လမ်းအခြေအနေ အရ မောင်းနှင်တဲ့ အမြန်နှုန်းကိုမူတည်ပြီး လမ်းမျက်နှာပြင် စိုစွတ်နေတဲ့အချိန်မှာ အမြန်နှုန်း ထက်ဝက်လျှော့ချ မောင်းနှင်ကြရမယ်လို့ဆိုလိုတာပါ။ ဒါကတော့ အခုလို ရာသီဥတုအခြေအနေကြောင့် လမ်းမျက်နှာပြင် စိုစွတ်နေတဲ့အချိန်မှာဖြစ်တတ်တဲ့ ယာဉ်မတော်တဆမှုတွေကနေ ကိုယ်မဖြစ်အောင် ဘယ်လိုဆင်ခြင်မောင်းနှင်ရမယ်ဆိုတဲ့ အသိတစ်ခုရစေချင်လို့ ဖြည့်စွက်ဆွေးနွေးပေးခဲ့တာပဲ ဖြစ်ပါတယ်။

အချုပ်အားဖြင့်ပြောရမယ်ဆိုရင် အမြန်လမ်းမှာ ဖြစ်ခဲ့တဲ့ ယာဉ်မတော်တဆမှုတစ်ခုကို အကြောင်းပြုပြီး ယာဉ်တစ်စီးနဲ့ တစ်စီးကြားမှာ ထားရှိရမယ့် အန္တရာယ်ကင်းနောက်လိုက် အကွာအဝေးသတ်မှတ်ချက်စည်းမျဉ်း၊ ရာသီဥတုအခြေအနေပေါ်မူတည်ပြီး အရှိန်ဘယ်လို လျှော့ရမယ်ဆိုတာတွေကို အလွယ်နည်းနဲ့ တွက်ချက်ပြသပေးခဲ့တာ ဖြစ်ပါတယ်။ ကိုယ်တိုင်လက်တွေ့ လိုက်နာစမ်းသပ်ကြည့်ခြင်းဖြင့် ယာဉ်မတော်တဆမှုအန္တရာယ် ကင်းဝေးကြပါစေ။ ။

သရက်-အောင်လံ ကူးတို့လိုင်းစက်လှေများ စစ်ဆေး

သရက် သြဂုတ် ၁၀

မိုးရာသီကာလအတွင်း ဧရာဝတီမြစ်ရေများမြင့်တက်နေချိန်တွင် ခရီးသွားပြည်သူ ရေလမ်းခရီးစဉ်ချောမွေ့စေရေးနှင့် အန္တရာယ်ကင်းရှင်းရေးတို့အတွက် ယမန်နေ့က သရက်-အောင်လံကူးတို့လိုင်းရှိ စက်လှေများကို တာဝန်ရှိသူများက စစ်ဆေးသည်။

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကူးတို့လိုင်းလေလံလိုင်စင်ရယူထားသည့် လိုင်စင်လုပ်ငန်းမှ စက်လှေအကြီး (လိုင်းပဲ့ထောင်)နှင့် ကြားစက်လှေများကို စစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ လူကယ်ပြန်အဖွဲ့တို့က စက်လှေများပေါ်တွင် သတ်မှတ်ခရီးသည် ဦးရေတင်ဆောင်ခြင်း၊ အသက်ကယ်အင်္ကျီနှင့် ဗောဂွင်းများထားရှိခြင်း၊ ညအချက် ပြမီးများ ထား ရှိခြင်း၊ စက်လှေလိုင်စင်နှင့် ပတ်သက်၍ ပိုင်ရှင်၊ ယာဉ်မောင်းလိုင်စင်များ အား သက်တမ်းတိုးထားခြင်းများကို စစ်ဆေးခဲ့ကြောင်း၊ ထို့နောက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ စစ်ဆေးမှုများကို အပတ်စဉ် စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ပေါက်ကလေး(သရက်)**

သရက်-အောင်လံ ကူးတို့ဆိပ်ခွံ စက်လှေများအား စစ်ဆေးစဉ်။

◆ *ကျောဖုံးမှ*

ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်ရေးဆိုသည့် စံ (၅) ချက်နှင့် အညီ ကျင်းပသွားမည်ဖြစ်ကြောင်း။

လူငယ်အဖွဲ့များ ပူးပေါင်းပါဝင်

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်မည့် အသက် (၁၈) နှစ်ပြည့်ပြီးသူ မဲဆန္ဒရှင်လူငယ်အရေအတွက်သည် ငါးသန်းခန့် ရှိလာနိုင်သည့်အတွက် ရွေးကောက်ပွဲရလဒ်များအပေါ် လွှမ်းမိုးမှုရှိလာနိုင်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် လူငယ်များ ပိုမိုပါဝင်လာရေး၊ မှန်ကန်စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ရွေးကောက်ပွဲပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲဆန္ဒရှင် စာရင်းပြုစုခြင်း လုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မှန်ကန်တိကျသည့် မဲဆန္ဒရှင် စာရင်းရရှိရေးအတွက် လူငယ်အဖွဲ့များ အနေဖြင့် ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုကြောင်း၊

အဓိကအနေဖြင့် မဲစာရင်းတွင် မိမိအမည်ပါဝင်မှသာ မဲပေးနိုင်မည် ဖြစ်ကြောင်းကို ပထမအကြိမ်မဲပေးမည့် လူငယ်များကို သိစေချင်ကြောင်း၊ မကြာမီကျင်းပမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆိုရှယ်မီဒီယာအသုံးပြုပြီး အမုန်းစကားနှင့် တိုက်ခိုက်မှုများ၊ မမှန်ကန်သည့် သတင်းထုတ်လွှင့်မှုများရှိခဲ့ပါက ရွေးကောက်ပွဲအပေါ် သက်ရောက်နိုင်သည့်အတွက် ဝိုင်းဝန်းတားမြစ်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်အဖွဲ့အစည်းများနှင့် တက်ရောက်လာသူများက ရွေးကောက်ပွဲများတွင် လူငယ်များပါဝင် မှု အခန်းကဏ္ဍမြှင့်တင်နိုင်ရေး **"လူငယ်များအတွက် အသိပညာ"** ခေါင်းစဉ်ဖြင့် ဝိုင်းဝန်းဆွေးနွေးခြင်း၊ **"သင့်အသံ၊ သင့်မဲ၊ သင့်အနာဂတ်"** စီမံကိန်းဗီဒီယို မှတ်တမ်းပြသခြင်း၊ **"မဲစာရင်းပြုစုခြင်း အတွက် မိမိကိုယ်ကို ယုံကြည်မှုတည်ဆောက်ခြင်း"** ခေါင်းစဉ်ဖြင့် ပြုဇာတ်သရုပ်ဖော်တင်ဆက်ခြင်း၊ မဲဆန္ဒရှင်အသိပညာပေးခြင်းနှင့်စပ်လျဉ်းသော ပိုစတာပြိုင်ပွဲကျင်းပခြင်း စသည့် အစီအစဉ်များကို ဆက်လက်ကျင်းပကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မဲဆန္ဒရှင်အသိပညာပေးခြင်းဆိုင်ရာ လူငယ်များပါဝင်မှု မြှင့်တင်ရန်နှင့် ဗဟုသုတများ တိုးပွားဖလှယ်နိုင်ရန်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများက ခင်းကျင်းပြသထားသည့် သတင်းအချက်အလက်များနှင့် အရင်းအမြစ်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ရွေးကောက် ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့မှ တာဝန်ရှိသူများ၊ IFES မှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် လူငယ်ကွန်ရက်အဖွဲ့များမှ တာဝန်ရှိသူများ၊ ပထမအကြိမ်မဲပေးမည့် လူငယ်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မန္တလေးမြို့၌ကျင်းပသည့် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အမျိုးသားပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာသော ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မြို့ရွှေကျောင်းပရဟိတမှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် သြဂုတ် ၁၀

နေပြည်တော်ရှိ အမျိုးသားပြတိုက် (နေပြည်တော်) သို့ ဇရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း၊ မြန်အောင်မြို့နယ် မြို့ရွှေကျောင်းပရဟိတမှ ဆရာတော်နှင့် အုပ်ချုပ်သူများ၊ ကျောင်းသား ကျောင်းသူများသည် သြဂုတ် ၈ ရက် မွန်းလွဲပိုင်းက လာရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့အား အမျိုးသားပြတိုက်ရှိ Mini Theatre တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့များသည် အမျိုးသားပြတိုက် (နေပြည်တော်) တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လေ့လာကြည့်ရှုကြသည်။ **သတင်းစဉ်**

သီပေါ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေစာရင်းများ မှန်ကန်မှုရှိရေးဆောင်ရွက်

သီပေါ သြဂုတ် ၁၀

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် လူဦးရေစာရင်းနှင့် အချက်အလက်များ ကောက်ယူရေးနှင့် မဲဆန္ဒရှင်စာရင်းများ တိကျမှုရှိစေရေးအတွက် ကွန်ပျူတာဖြင့် စာရင်းပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ဇူလိုင်လမှစတင်၍ စာရင်းထည့်သွင်းရာ မြို့ပေါ် (၁၁) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၇ စုတို့၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစာရင်းများ ပြုစုဆောင်ရွက်လျက်ရှိသည်။

ဆန္ဒမဲပြုစုခြင်းလုပ်ငန်းကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးစိုင်းမင်းလွင်တို့က ကြီးကြပ်၍ ကွန်ပျူတာ ၁၀ လုံးနှင့် ကျွမ်းကျင်ဝန်ထမ်းများက လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

မော်လမြိုင် သြဂုတ် ၁၀

မွန်ပြည်နယ်၌ ပြည်နယ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးတင်ချယ် ဦးဆောင်ကာ အလုပ်ကျ တိုကင်စနစ်ဖြင့် အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆိုင်ရာ ဝန်ဆောင်မှုများကို ဥပဒေနှင့်အညီ ဇူလိုင်လနောက်ဆုံးပတ်က စတင်ဆောင်ရွက်ပေးလျက်ရှိပြီး ဝန်ဆောင်မှုအား ကာယကံရှင်ကိုယ်တိုင်သာ ရုံးတွင်းသို့ ဝင်ရောက်ခွင့်ပြု ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သော ၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်၊ ကျေးရွာနေ ပြည်သူများထံ တစ်ဦးချင်းလက်ဝယ်အရောက် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းကိုလည်း ဇူလိုင်လဒုတိယပတ်က မော်လမြိုင်မြို့နယ် လဝကရုံး၌ပင် စတင်ဝန်ဆောင်မှုပေးခဲ့ကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

ရန်ကုန်ကလျာဏယုဝခရစ်ယာန်အသင်းက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် သြဂုတ် ၁၀

ရန်ကုန်ကလျာဏယုဝ ခရစ်ယာန်အသင်း (YMCA) က ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မဟာဗန္ဓုလ လမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ ပဠွသိန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဦးနော နှစ်ချင်း လူငယ်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ရန်ကုန်ကလျာဏယုဝ ခရစ်ယာန်အသင်း (YMCA) ဥက္ကဋ္ဌ ဒေါက်တာတင်လှနှင့် တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စိုး(ခ)မေစိုးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာနှင့် ခရစ်ယာန်ဘာသာတို့မှ လူငယ်များက အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် ဆွေးနွေးဟောပြောကြပြီး နော်မူးခိုဖောက လူငယ်နှင့်ဖွံ့ဖြိုးမှု၊ ဦးရာဂူနေမြင့်က ကျောင်းပြင်ပ ပညာရေးနှင့် ကိုယ်ပိုင် သင်ယူပညာရေးအကြောင်းတို့ကို ဆွေးနွေးကြကာ စောဒေးဗစ်က နိဂုံးချုပ်စကား ပြောကြားသည်။

အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်းပြီး ရန်ကုန်ကလျာဏယုဝ ခရစ်ယာန်အသင်း (YMCA) ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာသာဥာဏ်က "ဒီနေ့ အခမ်းအနားက အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ဟောပြောပွဲ ဖြစ်ပါတယ်။ လူငယ်တွေအတွက် ဘာလုပ်ဖို့ ရှိသလဲ။ လူငယ်တွေအတွက် ဘာလုပ်ပေးရမလဲ၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ရဲ့ "လူငယ်ထုကြီး ပါဝင်ကာ ပညာရေးစနစ်ပြောင်းလဲပါ" ခေါင်းစဉ်နဲ့ ဆွေးနွေးကြမယ်။ ယနေ့ပြောင်းလဲလာတဲ့ခေတ်မှာ လူငယ်တွေ ပြောင်းလဲလာဖို့ အဆင်သင့်ဖြစ်ရုံမက လူငယ်တွေကိုယ်တိုင် ပါဝင်ရောယှက်ပြီး အကြံဉာဏ်ပေးနိုင်ဖို့ ရည်ရွယ်ကျင်းပရခြင်းဖြစ်ပါတယ်" ဟုပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားတွင် လူငယ်အဖွဲ့အစည်းများက လူငယ်နှင့်ဆိုင်သော အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဥမ္မာသန့်
ဓာတ်ပုံ - လှမိုး

ရန်ကုန်ကလျာဏယုဝ ခရစ်ယာန်အသင်းဥက္ကဋ္ဌ ဒေါက်တာတင်လှ အမှာစကားပြောကြားစဉ်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် သြဂုတ် ၁၀

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပေါင်မြို့တွင် ၁၆ ဒသမ ၀၂ လက်မ၊ မော်လမြိုင်မြို့တွင် ၁၃ ဒသမ ၈၆ လက်မ၊ လောင်းလုံးမြို့တွင် ၈ ဒသမ ၈၂ လက်မ၊ ကျိုက်မရောမြို့တွင် ၈ ဒသမ ၇၈ လက်မ၊ မြိတ်မြို့တွင် ၈ ဒသမ ၃၅ လက်မ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၇ ဒသမ ၇၂ လက်မ၊ ထားဝယ်မြို့တွင် ၇ ဒသမ ၄၈ လက်မ၊ ကျိုက်ဒုံမြို့တွင် ၅ ဒသမ ၂၄ လက်မ၊ ရေးမြို့တွင် ၄ ဒသမ ၉၆ လက်မ၊ မုဒုံမြို့တွင် ၄ ဒသမ ၄၅ လက်မ၊ ဟူမွလင်းမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ ဘားအံ (စိုက်ပျိုးရေးမိုးလေဝသ) တွင် ၃ ဒသမ ၁၅ လက်မ၊ မိုးညှင်းမြို့နှင့် ချောင်းဆုံမြို့ကိုတွင် ၂ ဒသမ ၉၉ လက်မစီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တောင်တွင်းကြီးမြို့နယ် ပြန်/ဆက်ရုံးနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေး

မကွေး သြဂုတ် ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းနှင့် Book Club အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး စာဖတ်ဝိုင်းများနှင့် ပြည်သူ့စကားဝိုင်းများကို လစဉ်ပုံမှန်ကျင်းပနိုင်ရေးအတွက် ပိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကလေးစာဖတ်ခန်းကို ကြည့်ရှုစစ်ဆေးကာ ကလေးများအား ကစားစရာအရုပ်များပေးအပ်ခြင်း၊ စာကြည့်တိုက်နှင့် ပြတိုက်ငယ် ခင်းကျင်းထားမှုကို ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

တိုင်းပြန်/ဆက် (မကွေး)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းနှင့် Book Club အဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေးစဉ်။

ကမ္ဘာ့ကင်းထောက်များတွေ့ဆုံပွဲ တက်ရောက်ခဲ့သော မြန်မာကင်းထောက်လူငယ်များ ပြန်လည်ရောက်ရှိ

ရန်ကုန် သြဂုတ် ၁၀

အမေရိကန်နိုင်ငံ၌ ကျင်းပခဲ့သည့် (၂၄)ကြိမ်မြောက် ကမ္ဘာ့ကင်းထောက်များ တွေ့ဆုံပွဲ (24th World Scout Jamboree) တက်ရောက်ခဲ့ကြသော မြန်မာကင်းထောက်လူငယ် မောင်ခွန်လတ်အောင် (နည်းပညာတက္ကသိုလ် မန္တလေး)၊ မရှင်းသန့်လှိုင် (Brain-works- TOTAL International School Yangon)၊ မောင်ဟိန်းနိုင်စိုး (မြန်မာနိုင်ငံရေးကြောင်းပညာတက္ကသိုလ်) တို့သည် ယမန်နေ့ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ကင်းထောက်ကြီးများနှင့် ကင်းထောက်လူငယ်များ၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာ ကင်းထောက်လူငယ်များသည် ကမ္ဘာ့ကင်းထောက်ကိုယ်စားလှယ်များနှင့်အတူ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆက်သွယ်မှုဆိုင်ရာ ဆွေးနွေးခြင်း၊ ဘာသာရေးအသိအမြင်များ ဖလှယ်ခြင်း၊ နည်းပညာဆိုင်ရာအတွေ့အကြုံများမျှဝေခြင်းစသည့် ကင်းထောက်လှုပ်ရှားမှုဆိုင်ရာ ဆွေးနွေးမှုများအပြင် စခန်းချ အားကစားလှုပ်ရှားမှုအဖြစ် တောင်တက်ခြင်း၊ စက်ဘီးစီးခြင်း၊ ကျောက်တောင်တက်ခြင်း၊ လှေလှော်ခြင်း၊ ကြိုးဆွဲကစားခြင်း၊ ရေကူးခြင်းများကို ပါဝင်လှုပ်ရှား ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ယာဉ်ရပ်နားကွင်းများ တည်ဆောက်ခြင်းကြောင့် YBS ယာဉ်စီးခနှုန်းထားများ တိုးမြှင့်ကောက်ခံရန်မရှိ

ရန်ကုန် သြဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ရပ်နားကွင်းများ တည်ဆောက်ခြင်းကြောင့် YBS ယာဉ်စီးခနှုန်းထားများ တိုးမြှင့်ကောက်ခံရန်မရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

"ယာဉ်ရပ်နားကွင်းတွေကို ကျွန်တော်တို့ YRTA ရန်ပုံငွေနဲ့ပဲ ကြိုးပမ်းအကောင်အထည်ဖော်နေပါတယ်။ အဲဒီလို ဆောင်ရွက်မှုကြောင့် ယာဉ်စီးခတိုးကောက်ခြင်းပေါ်မှာ လက်ရှိအချိန်အထိ ရည်ရွယ်ထားမှုမရှိသေးပါဘူး။ ဘာကြောင့်လဲဆိုတော့ ယာဉ်စီးခဆိုတာက ပြေးဆွဲမှုဝန်ဆောင်မှု အတိုင်းအတာအရ ညီညွတ်တဲ့ ယာဉ်စီးခတစ်ရပ်ဖော်ဆောင်သွားရမှာတော့ လိုအပ်ပါတယ်။ ဒါပေမယ့် ယာဉ်ရပ်နားကွင်းတည်ဆောက်မှု ကုန်ကျစရိတ်ကြောင့် ယာဉ်စီးခတိုးကောက်ခြင်းကို ကျွန်တော်တို့ YRTA မှာ ဒီနေ့ထိ ဆောင်ရွက်ထားခြင်းမရှိပါဘူး"ဟု ဦးလှအောင်က ပြောသည်။

အဆိုပါ YBS ယာဉ်စီးခနှုန်းထားများ တိုးမြှင့်ကောက်ခံမည့်အစီအစဉ်မှာ အလွန်အရေးကြီးကြောင်း၊ ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီများအတွက် အရေးကြီးသကဲ့သို့ YBS စီးနင်းသည့် ခရီးသွားပြည်သူများအတွက်လည်း အရေးကြီးကြောင်း ၎င်းက ဆက်ပြောသည်။

ထိုသို့ ယာဉ်စီးခနှုန်းထားများ တိုးမြှင့်ကောက်ခံမည်ဆိုပါက ပြည်သူလူထုအပေါ် သက်ရောက်မှုရှိသည့်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း ယင်းအချက်ကို အလေးထားထည့်သွင်းဆွေးနွေးကြောင်း သိရသည်။

သို့ဖြစ်၍ အစိုးရအနေဖြင့် YBS ယာဉ်လိုင်းများအတွက် သဘာဝဓာတ်ငွေ့ (CNG) ကို ထောက်ပံ့ပေးထားကြောင်း ဦးလှအောင် က ထပ်မံပြောကြားသည်။

YBS ယာဉ်လိုင်းကုမ္ပဏီများအနေဖြင့် ယာဉ်ရပ်နားကွင်း တည်ဆောက်ရန် ရင်းနှီးမြှုပ်နှံမှု မလုပ်နိုင်ပါကလည်း YRTA အနေဖြင့် ရင်းနှီးမြှုပ်နှံပေးမည်ဖြစ်ရာ တည်ဆောက်မှုပြီးစီးပါက ယာဉ်လိုင်းများကို ပြန်လည်စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ လှိုင်သာယာမြို့နယ် တမာကုန်းတွင် ငွေကျပ်သိန်း ၃၀၀၀ နီးပါး ကုန်ကျမည့် YBS ယာဉ်ရပ်နားကွင်းကို လည်း YRTA ၏ ငွေကြေးဖြင့်သာ တည်ဆောက်နေကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) အနေဖြင့် ယခုနှစ်အတွက် လှိုင်သာယာမြို့နယ်တွင် YBS ယာဉ်ရပ်နားကွင်း တည်ဆောက်နေသည့်အပြင် ပုဇွန်တောင်မြို့နယ်တွင်လည်း ကျောင်းကား ယာဉ်ရပ်နားကွင်း တည်ဆောက်ရန် လျာထားဆောင်ရွက်နေကြောင်း သိရသည်။

ထို့ပြင် YRTA အနေဖြင့် YBS ယာဉ်ရပ်နားကွင်းများ ဆက်လက်တည်ဆောက်နိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်များတွင် မြေနေရာများ ရှာဖွေလျက်ရှိပြီး မြေနေရာရရှိရန် အခက်အခဲရှိကာ လက်ရှိတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြေငှားရမ်း၍ ဆောင်ရွက်နေရခြင်း ဖြစ်ကြောင်း ဦးလှအောင်က ပြောသည်။

ငြိမ်းငြိမ်း

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် သြဂုတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/၈လ

မှန်တာပြောသစ္စာ **နေမျိုးအေး**

ကမ္ဘာ့လူဦးရေရဲ့ ၁ ဒသမ ၈ သန်းဟာ ဝမ်းလျှော၊ ဝမ်းပျက်ရောဂါတွေ အပါအဝင် အစားအသောက်ကနေတစ်ဆင့် ဖြစ်ပွားတဲ့ရောဂါတွေကြောင့် နှစ်စဉ်သေဆုံးလျက်ရှိကြောင်း သိရှိရပါတယ်

ဒေါက်တာနီနီအေး

အန္တရာယ်ကင်းသော အစားအသောက်ဖြစ်ပေါ်စေရေးအတွက် အဓိကဆောင်ရွက်ရမည့် အချက် ၅ ချက် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) အနေဖြင့် အစားအစာများကို ပြည်သူများစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းအောင် လိုက်နာဆောင်ရွက်ရမည့် အကြောင်းအရာများပါဝင်သည့် စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ခဲ့သည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာနီနီအေး၊ ရောဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမျိုးထွန်းကျော်၊ နေပြည်တော် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အစားအသောက်ဌာန(၃) ပြည်တွင်းလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းလဲ့ဖြူနှင့် မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာတင်မျိုးလွင်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဒေါက်တာနီနီအေး

ဒေါက်တာမျိုးထွန်းကျော်

ဒေါက်တာဝင်းလဲ့ဖြူ

ဒေါက်တာတင်မျိုးလွင်

“အဲဒါတွေက နံပါတ်(၁) သန့်ရှင်းပါ။ နံပါတ်(၂) မချက်ရသေးသော အသားစိမ်း ငါးစိမ်းနဲ့ ချက်ပြီးသား ဟင်းလျှာတွေကို အတူတွဲမထားပါနဲ့။ နံပါတ်(၃)အစားအစာတွေကို ကျက်အောင် ချက်ပြုတ်ပါ။ နံပါတ်(၄)အစားအစာတွေကို လုံလောက်တဲ့ အပူရှိန်အောက်မှာပဲ ထားသိုရပါမယ်။ နံပါတ်(၅) သန့်ရှင်းသောရေနဲ့ လတ်ဆတ်တဲ့ကုန်ကြမ်းပစ္စည်းတွေကိုပဲ အသုံးပြုရပါမယ်။ မိဘပြည်သူတွေအနေနဲ့ 5 Keys Principle ကိုသာ တိတိကျကျ လိုက်နာမယ်ဆိုရင် အစားအသောက်ကနေတစ်ဆင့် ရောဂါကူးစက်တာတွေနဲ့ အစားအသောက်ကြောင့် ဘေးန္တရာယ်ဖြစ်တာတွေကိုကာကွယ်တားဆီးနိုင်ပြီး ကျန်းမာတဲ့လူမှုဘဝကို ရရှိမှာ ဖြစ်ပါတယ်”

အစီအစဉ်မှူး။ ။ ပြည်သူတွေအတွက် အစားအစာတွေ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ပတ်သက်ပြီး ဘယ်လိုအကြောင်းအရာတွေကို ဆွေးနွေးသွားမယ်ဆိုတာ မျှဝေပေးပါဦး။

ဒေါက်တာနီနီအေး ။ ။ ဒီနေ့ ဆွေးနွေးမယ့် ခေါင်းစဉ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ရဲ့ 5 Keys Principle နဲ့ပတ်သက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီနေ့အချိန်မှာ ကမ္ဘာပေါ်ရှိ ရောဂါအမျိုးပေါင်း ၂၀၀ ကျော်က အစားအသောက်ကနေတစ်ဆင့် ဖြစ်ပွားလျက်ရှိတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေသာမက ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာပါ အစားအသောက်ကနေတစ်ဆင့်ဖြစ်ပွားတဲ့ရောဂါတွေဟာ ကျန်းမာရေးဆိုင်ရာ အရေးကြီးတဲ့ ပြဿနာတစ်ရပ် ဖြစ်နေပါတယ်။

ကမ္ဘာ့လူဦးရေရဲ့ ၁ ဒသမ ၈ သန်းဟာ ဝမ်းလျှော၊ ဝမ်းပျက်ရောဂါတွေ အပါအဝင် အစားအသောက်ကနေတစ်ဆင့် ဖြစ်ပွားတဲ့ရောဂါတွေကြောင့် နှစ်စဉ်သေဆုံးလျက်ရှိကြောင်း သိရှိရပါတယ်။ ဒါကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေနဲ့ အစားအသောက်တွေ ဘေးအန္တရာယ်ကင်းရှင်းဖို့ အတွက် အသိပညာပေးခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ၂၀၀၁ ခုနှစ်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေနဲ့ 5 Keys Principle ကို စတင်ပြီး မိတ်ဆက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီ 5 Keys Principle ကို နိုင်ငံပေါင်း ၁၃၀ ကျော်မှာ လက်ခံကျင့်သုံးလျက်ရှိပါတယ်။ တကယ်တော့ Food Change လို့ခေါ်တဲ့ အစားအသောက်ကွင်းဆက်တစ်လျှောက်လုံးမှာ ထုတ်လုပ်မှုကနေစပြီး စားသုံးတဲ့အဆင့်အထိ အဆင့်တိုင်းမှာ ဘေးအန္တရာယ်ကင်းမှသာ လူတိုင်းအသက်ရှည်ကျန်းမာခြင်းကို ရရှိမှာ ဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ ဘေးအန္တရာယ်ကင်းရှင်းတဲ့အစားအသောက်တွေကို ပြည်သူတွေ စားသုံးနိုင်ဖို့ဆိုရင် အဓိကလိုက်နာရမယ့်အကြောင်းအရာတွေကိုလည်း ရှင်းပြပေးပါဦး။

ဒေါက်တာမျိုးထွန်းကျော် ။ ။ ပြည်သူတွေအနေနဲ့ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းဖို့အတွက် အဓိကလိုက်နာရမယ့်အချက်ငါးချက် ရှိပါတယ်။ အဲဒါကို ကျွန်တော်တို့က WHO 5 Keys Principle:The Five Keys to Safer Food လို့ခေါ်ပါတယ်။

အဲဒါတွေက နံပါတ်(၁) သန့်ရှင်းပါ။ နံပါတ်(၂) မချက်ရသေးသော အသားစိမ်း ငါးစိမ်းနဲ့ ချက်ပြီးသားဟင်းလျှာတွေကို အတူတွဲ မထားပါနဲ့။ နံပါတ်(၃)အစားအစာတွေကို ကျက်အောင်ချက်ပြုတ်ပါ။ နံပါတ်(၄)အစားအစာတွေကို လုံလောက်တဲ့ အပူရှိန်အောက်မှာပဲ ထားသိုရပါမယ်။ နံပါတ်(၅) သန့်ရှင်းသောရေနဲ့ လတ်ဆတ်တဲ့ ကုန်ကြမ်းပစ္စည်းတွေကိုပဲ အသုံးပြုရပါမယ်။ မိဘပြည်သူတွေအနေနဲ့ 5 Keys Principle ကိုသာ တိတိကျကျ လိုက်နာမယ်ဆိုရင် အစားအသောက်ကနေတစ်ဆင့် ရောဂါကူးစက်တာတွေနဲ့ အစားအသောက်ကြောင့် ဘေးန္တရာယ်ဖြစ်တာတွေကို ကာကွယ်တားဆီးနိုင်ပြီး ကျန်းမာတဲ့လူမှုဘဝကို ရရှိမှာ ဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ အစားအသောက်တွေနဲ့ ပတ်သက်တဲ့ ဘေးအန္တရာယ်ကင်းရှင်းရေး အချက်(၅)ချက်က ဘယ်သူတွေ လိုက်နာဖို့ လိုအပ်ပါသလဲ၊ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနအနေနဲ့ ရော ဘယ်လိုမျိုး တာဝန်ယူ ဆောင်ရွက်နေသလဲ ဆိုတာကို ပြောပြပေးစေလိုပါတယ်။

ဒေါက်တာဝင်းလဲ့ဖြူ ။ ။ အစားအသောက်ဆိုတာ လူတိုင်းနဲ့ သက်ဆိုင်ပါတယ်။ ဒီအချက်တွေကို လူတိုင်း လိုက်နာသင့်ပါတယ်။ အထူးသဖြင့် အစားအသောက် ပြင်ဆင်ချက်ပြုတ်တဲ့ အိမ်ရှင်မတွေ၊ စားသောက်ဆိုင်တွေက စားဖိုမှူးတွေ၊ လမ်းဘေးမှာ အစားအသောက်ပြင်ဆင်ချက်ပြုတ်ရောင်းချတဲ့ လူတွေကစပြီး ပွဲတွေ၊ မင်္ဂလာအခမ်းအနားတွေ၊ နိုင်ငံတော် အခမ်းအနားတွေကအစ ပြင်ဆင်ချက်ပြုတ်တဲ့လူတွေ အကုန်လုံး လိုက်နာသင့်ပါတယ်။

ဒီနေ့ခေတ်မှာ လူတွေရဲ့နေထိုင်စားသောက်မှုပုံစံတွေက ပြောင်းလဲလာကြပါပြီ။ ပြောင်းလဲလာတဲ့ လူနေမှုပုံစံနဲ့အညီ နေအိမ်မှာ ချက်ပြုတ်စားသောက်ခြင်းတွေထက် အပြင်ထွက်ပြီး စားသောက်ကြတာက ပိုပြီးများလာကြပါတယ်။ ဒါကြောင့် FDA အနေနဲ့ လမ်းဘေးစျေးသည်တွေရောင်းချနေတဲ့အစားအသောက်တွေ ဘေးအန္တရာယ်ကင်းရှင်းဖို့ဆိုပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကစပြီး နေပြည်တော်၊ မန္တလေးနဲ့ ရန်ကုန်တို့က စည်ပင်သာယာရေး နယ်နိမိတ်ထဲမှာရှိတဲ့ လမ်းဘေးစျေးသည်တွေ အကုန်လုံးကို ပညာပေးသင်တန်းပို့ချခြင်းတွေ လုပ်ဆောင်နေပါတယ်။ မေလကစပြီး ဟိုတယ်နဲ့ စားသောက်ဆိုင်တွေမှာ အသိပညာပေးသင်တန်းတွေကိုလည်း ပို့ချပေးနေတဲ့အပြင် ကြီးကြပ်ကွပ်ကဲတဲ့ အပိုင်းတွေကို နီးနွှယ်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ကြီးကြပ်ကွပ်ကဲမှုတွေကို လုပ်ဆောင်ရာမှာလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ 5 Keys Principle နဲ့ ကိုက်ညီအောင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ ဘေးအန္တရာယ် ကင်းရှင်းရေး ဆိုင်ရာ အချက် (၅)ချက်ထဲမှာ သန့်ရှင်းပါဆိုတဲ့အချက်နဲ့ ပတ်သက်ပြီး အကျယ်တဝင့် ရှင်းပြပေးစေလိုပါတယ်။

ဒေါက်တာတင်မျိုးလွင် ။ ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ 5 Keys Principle ထဲမှာ သန့်ရှင်းပါဆိုတဲ့ စကားလုံး ပါပါတယ်။ ဒီစကားလုံးက သုံးလုံးတည်း ဆိုပေမယ့် အင်မတန်ကို အရေးကြီးပါတယ်။ ဒီနေရာမှာ အုပ်ငုံး သုံးပိုင်းခွဲပြီး ရှင်းပြချင်ပါတယ်။

နံပါတ်(၁)အစားအသောက်တွေ ချက်ပြုတ်ပြင်ဆင်တဲ့မီးဖိုချောင်လို နေရာမျိုးက သန့်ရှင်းဖို့ အထူးလိုအပ်ပါတယ်။ ဥပမာ- လေဝင်လေထွက်ကောင်းရမယ်။ လုံလောက်တဲ့အလင်းရောင် ရှိရမယ်။ မီးဖိုချောင်ရဲ့ ကြမ်းခင်းမျက်နှာပြင်တွေက သန့်ရှင်းရေးပြုလုပ်ဖို့ လွယ်ကူတဲ့ ကြမ်းပြင်တွေ၊ မျက်နှာပြင်တွေပဲ ဖြစ်ရပါမယ်။ နောက်တစ်ခုက မီးဖိုချောင်ထဲကို ခြင်၊ ယင်၊ ပိုးမွှားတွေစတဲ့ တိရစ္ဆာန်တွေမဝင်အောင် သေချာကာကွယ်ထားရမှာ ဖြစ်ပါတယ်။

နံပါတ်(၂) အစားအသောက်တွေကို ချက်ပြုတ်တဲ့အခါမှာ အသုံးပြုတဲ့ အသုံးအဆောင်ပစ္စည်းတွေ သန့်ရှင်းဖို့ လိုအပ်ပါတယ်။ အဲဒီ အသုံးအဆောင်ပစ္စည်းတွေကို မြေပြင်ကနေ အနည်းဆုံးနှစ်ပေအမြင့်မှာ စင်နဲ့ စနစ်တကျ ထားရှိရမှာ ဖြစ်ပါတယ်။

နံပါတ်(၃)အစားအသောက်ကို ပြင်ဆင်တဲ့သူတွေရဲ့ တစ်ကိုယ်ရေသန့်ရှင်းမှုက အရေးကြီးပါတယ်။ တစ်ကိုယ်ရေသန့်ရှင်းမှုလို့ ပြောတဲ့အခါ ချက်ပြုတ်တဲ့နေရာမှာ Personal Productive Factor လို့ပြောတဲ့ ခေါင်းစည်းတွေ၊ နှာခေါင်းအုပ်တွေ၊ နောက်တစ်ခုက ယင်ကာလို့ပြောတဲ့ အေပရွန်တွေကို ဝတ်ဆင်ပြီးမှ ချက်ပြုတ်သင့်ပါတယ်။ ချက်ပြုတ်တဲ့အခါမှာလည်း လက်စွပ်တွေ၊ လက်ပတ်နာရီတွေကို ဝတ်ဆင်ခြင်း မပြုရပါဘူး။ ချက်ပြုတ်တဲ့သူတွေမှာ ကူးစက်နိုင်တဲ့ ရောဂါတွေ၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါတို့ ဖြစ်ခဲ့ရင်၊ ထိခိုက်ဒဏ်ရာတွေရှိခဲ့မယ်ဆိုရင် ချက်ပြုတ်ခြင်း မပြုရပါဘူး။ မချက်ပြုတ်ခင်ရော၊ ချက်ပြုတ်နေစဉ်ရော၊ ချက်ပြုတ်ပြီးတဲ့အချိန်မှာပါ လက်ကိုဆပ်ပြာနဲ့ သန့်စင်အောင် သေချာဆေးကြောရမှာ ဖြစ်ပါတယ်။

အစီအစဉ်မှူး ။ ။ ဘေးအန္တရာယ် ကင်းရှင်းဖို့ အတွက်သန့်ရှင်းရေးကအဓိက ကျတဲ့လက်ဆေးခြင်းကို ဘယ်လိုပုံစံမျိုးနဲ့ ဘယ်လို အချိန်မျိုးမှာ လက်ဆေးသင့်သလဲဆိုတာကိုလည်း ရှင်းပြပေးစေလိုပါတယ်။

ဒေါက်တာနီနီအေး ။ ။ လက်ဆေးရမယ့် အဓိက အခြေအနေ တွေက အစားအသောက် လုပ်ကိုင်တဲ့သူတွေဆိုရင် လုပ်ငန်းခွင်ကို မဝင်ခင်မှာ လက်ကိုစင်အောင် ဆေးရပါမယ်။ နောက်ပြီး လက်အိတ်မဝတ်ဆင်ခင်နဲ့ လက်အိတ်ဝတ်ဆင်ပြီးတဲ့အခါမှာလည်း လက်ဆေးရပါမယ်။ ဒုံ့အပြင် လက်အိတ်ကို ချွတ်ပြီး ပြန်လည်ဝတ်ဆင်တဲ့အခါမှာလည်း လက်ဆေးရပါမယ်။ ဒုံ့အပြင် အစားအသောက်တွေကို ချက်ပြုတ်ပြင်ဆင်ခြင်းမပြုမီမှာ လက်ဆေးရပါမယ်။

အစာမစားခင်နဲ့ အစာစားပြီးတဲ့အခါမှာလည်း လက်ဆေးရပါမယ်။ ပြီးတော့ အိမ်သာက ဆင်းတဲ့အခါ၊ အမှိုက်ကောက်ပြီးတဲ့အခါ၊ တံမြက်စည်းလှဲပြီးတဲ့အခါ၊ နှာချေပြီးတဲ့အခါ၊ ချောင်းဆိုးပြီးတဲ့အခါ၊ အမှိုက်ပုံးတွေ ကိုင်တွယ်ပြီးတဲ့အခါတိုင်း လက်ဆေးရပါမယ်။ အဲဒါတွေအပြင် ချောင်းဆိုးရင် လက်နဲ့ကာပြီး ဆိုးတယ်ဆိုရင် လက်ဆေးရပါမယ်။ အနိမ့်ဆုံးအဆင့်အနေနဲ့ ဆံပင်ကို ကိုင်တွယ်ပြီးတဲ့နောက်၊ နှာခေါင်းကို ကိုင်တွယ်ပြီးတဲ့ နောက်မှာလည်း လက်ဆေးရမယ့် အခြေအနေတွေ ဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံမှာ တချို့က မစားခင်နဲ့ အိမ်သာ အဆင်းမှာပဲ လက်ဆေးတာကို နားလည်ကြပြီး ဒီလိုအသေးစိတ်ကအစ လက်ဆေးဖို့ သတိပြုရမှာ ပဲဖြစ်ပါတယ်။ လက်ဆေးတဲ့အခါမှာ လက်ဆေးနည်း ကဗျာအတိုင်း ဖဝါး၊ ဖမိုး၊ လက်ခေါက်ချိုး၊ လက်ကြား၊ လက်မ မကျန်ရ၊ ကုတ်၍ခြစ်ပါ လက္ခဏာ လက်ကောက်ဝတ်မှာ အဆုံးသတ်ပါ ဆိုတဲ့အတိုင်း အကုန်သန့်စင်အောင် ဆေးရပါမယ်။ အဲဒီအချိန်မှာလည်း ဆပ်ပြာ သို့မဟုတ် ဆပ်ပြာရည်နဲ့ သန့်စင်သောရေကို အသုံးပြုရမှာ ဖြစ်ပါတယ်။ လက်ဆေးချိန်က အနည်းဆုံး စက္ကန့် ၂၀ ကြာမြင့်ရမှာ ဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

“အစာမစားခင်နဲ့ အစာစားပြီးတဲ့ အခါမှာလည်း လက်ဆေးရပါမယ်။ ပြီးတော့ အိမ်သာက ဆင်းတဲ့အခါ၊ အမှိုက်ကောက်ပြီးတဲ့အခါ၊ တံမြက်စည်း လှဲပြီးတဲ့အခါ၊ နှာချေပြီးတဲ့အခါ၊ ချောင်းဆိုးပြီးတဲ့အခါ၊ အမှိုက်ပုံးတွေကိုင်တွယ်ပြီးတဲ့အခါတိုင်း လက်ဆေးရပါမယ်။ အဲဒါတွေအပြင် ချောင်းဆိုးရင် လက်နဲ့ကာပြီး ဆိုးတယ်ဆိုရင် လက်ဆေးရပါမယ်။ အနိမ့်ဆုံးအဆင့်အနေနဲ့ ဆံပင်ကို ကိုင်တွယ်ပြီးတဲ့နောက်၊ နှာခေါင်းကို ကိုင်တွယ်ပြီးတဲ့ နောက်မှာလည်း လက်ဆေးရမယ့် အခြေအနေတွေ ဖြစ်ပါတယ်”

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ထားဝယ်ခရိုင်အတွင်း သဘာဝဘေးဖြစ်ပေါ်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

ထားဝယ် သြဂုတ် ၁၀

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ထားဝယ်-မေတ္တာကားလမ်း ချောင်းရေကျော်လျက်ရှိသည့် လမ်းပိုင်းနေရာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထားဝယ်-မေတ္တာကားလမ်းရှိ လမ်းမများပေါ်တွင် ရေကြီးရေလျှံမှုကြောင့် သွားလာရေးခက်ခဲသော နေရာများတွင် ဒေသခံပြည်သူများ လွယ်ကူစွာသွားလာနိုင်ရေးအတွက် သယ်ယူပို့ဆောင်မှုများ ပြုလုပ်နိုင်ရန် လိုအပ်သောလေ့၊ စက်လေ့များ ထားရှိဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထားဝယ်ခရိုင်လောင်းလုံးမြို့နယ် စမ်းလှမ်းကျေးရွာအဏ္ဏဝါအလင်းတန်း စာကြည့်တိုက်၌ လေဘေးသင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်းရှိ လေဘေးသင့်ပြည်သူများအား တိုင်းဒေသကြီးရန်ပုံငွေပေါ်မူတည်၍ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်သူများ၏ လိုအပ်ချက်များကို ဝိုင်းဝန်းဖေးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းက လေဘေးသင့် အိမ်ထောင်စုခုနစ်စုကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပေးအပ်သည်။ ထို့နောက် တာဝန်ရှိသူများက စမ်းလှမ်းအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် ကျောင်းသားကျောင်းသူများ ပညာသင်ယူနေမှုအခြေအနေနှင့် ကျောင်းဆောင်များအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လောင်းလုံး-ရှင်မော်ဘုရားလမ်းဘေး ၀/ယာ ရှိ ကျေးရွာများအခြေအနေနှင့် တောင်ကျရေစီးဆင်းမှု၊ တောင်ပြိုကျမှု၊ လမ်းမပေါ် ရေကျော်နေမှု အခြေအနေများနှင့် ကျောက်ဝပ်ပြင်ကျေးရွာတွင် တောင်ပြိုကျမှုနှင့် တောင်ကျရေစီးဆင်းမှုတို့ကို ကြည့်ရှုခဲ့ပြီး ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိသည့် ကျောက်ဝပ်ပြင် လူမှုကူညီရေးအသင်းသို့ သွားရောက်ပြီး ဒေသခံပြည်သူများအား အားပေးစကားပြောကြား၍ အိမ်ထောင်စု ၄၀၊ လူဦးရေ ၁၈၈ ဦး အတွက် စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်သွားရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပေါ်

ကလိန်အောင်

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ အလယ်စခန်းကျေးရွာ ရေး-ထားဝယ် ကားလမ်း မိုင်တိုင်အမှတ်(၈၀/၅) နေရာတွင် ယနေ့ညနေ ၄ နာရီခန့်က ကတ္တရာခင်းလမ်းမကြီး ပြိုကျမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုကျရာနေရာတွင် အမြင့်ပေ ၅၀ ကျော်ခန့်ရှိ အောက်ချိုင့်အတွင်းသို့ ရေး-ထားဝယ်ကားလမ်း အလျားပေ ၉၀၊ အနံ ၅၄ ပေခန့်ရှိ ကတ္တရာခင်း လမ်းမကြီးပြိုကျသွားခဲ့ပြီး မိုင်တိုင်အမှတ်(၇၆/၇)နေရာတွင်လည်း ရေးဘက်သို့သွားသည့် လမ်းယာဘက်ခြမ်း အရှည်ပေ ၁၅၀ ကျော်ခန့်ရေတိုက်စားကာ လမ်းပြိုကျနိုင်ဖွယ်ရာရှိကြောင်း သိရ၍ ယာဉ်သွားလာမှု လုံးဝပြုလုပ်နိုင်ခြင်းမရှိတော့ကြောင်း သိရသည်။

ထို့အပြင် အလယ်စခန်းကျေးရွာ၌ ယနေ့ နံနက် ၁၀ နာရီခန့်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေး-ထားဝယ်ကားလမ်းအရှေ့ဘက်ရှိ ရွာလယ်ချောင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ကာ နေအိမ်လေးလုံး ရေနစ်မြုပ်မျောပါမှုဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါရေဘေးသင့်ပြည်သူများအား ကျေးရွာအုပ်ချုပ်ရေးမှူးအစီအစဉ်ဖြင့် နီးစပ်ရာဆွေမျိုးများ အိမ်တွင်နေရာချထားပေးကာ လူများ ထိခိုက်မှုမရှိကြောင်း သိရသည်။

မြိုနယ် (ပြန်/ဆက်)

ကျွန်းစု

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေတိုက်စားမှုကြောင့် ကတန်ကျွန်းပတ်လမ်းတွင် ယနေ့နံနက်ပိုင်းက ကျေးရွာချင်းဆက် တံတားသုံးစင်းကျိုးကျပျက်စီးခဲ့သည်။ တံတားအချို့မှာ ရေကျော်ပြီး ကတန်ကျွန်းပတ်လမ်းရှိ ကျေးရွာများတွင် တစ်ရွာနှင့်တစ်ရွာ မော်တော်ယာဉ်များ သွားလာမှုခက်ခဲသဖြင့် ခရီးသွားလာမှု ယာယီပြတ်တောက်လျက်ရှိကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျချောင်းရေ တိုက်စားမှုကြောင့် ကျွန်းစုမြို့နယ် ကပကျေးရွာ အမှတ်(၃)ရပ်ကွက်ရှိ အရှည် ၂၇ ပေ၊ အကျယ် ၁၅ ပေရှိ ကျောက်စီခုံ၊ RC ကွန်ကရစ် အမျိုးအစား တံတားမှာ တံတားချဉ်းကပ်လမ်းမြေပြိုကျရာမှ တစ်ဆင့် ကျိုးကျပျက်စီးခဲ့ကြောင်း၊ ထိန်ချောင်းကျေးရွာရှိ သစ်သားတံတား ကျွံကျပျက်စီးခဲ့ကြောင်း၊ ကဘင်းချောင်းကျေးရွာ၌ တံတားအရှည် ပေ ၆၀၊ အကျယ် ၁၅ ပေ ရှိရာ တံတားကျိုးကျပျက်စီးခဲ့ကြောင်း သိရသည်။

ကတန်ကျေးရွာ၊ တောင်တွင်းကြီးကျေးရွာနှင့် ကတ္တလူကျေးရွာရှိ တံတားများတွင် တောင်ကျရေများစီးဆင်းလာရာ လမ်းမပေါ် ရေများကျော်ခဲ့ပြီး ကျေးရွာအတွင်းမှ အခြားရွာသို့ သွားလာမှုမရှိကြောင်း၊ ကျောင်းသား ကျောင်းသူများ သွားလာမှု အန္တရာယ်ရှိသောကြောင့် ထိန်ချောင်းကျေးရွာ အ.လ.က မူလွန်ကျောင်း ခေတ္တပိတ်ထားကြောင်းနှင့် တံတားကျိုးကျမှုကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

စည်သူရအောင်(ကျွန်းစု)

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းထိုက်ရွှေနှင့် တာဝန်ရှိသူများ ယာယီကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

ရေး-ထားဝယ်ကားလမ်းမကြီး မိုင်တိုင်အမှတ်(၈၀/၅) နေရာတွင် မြေပြိုကျမှုကြောင့် လမ်းပြတ်တောက်နေသည်ကို တွေ့ရစဉ်။

ရေဖြူ

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ဖောင်းတောကျေးရွာတွင် ယနေ့နံနက် ၁၀ နာရီခန့်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေဖြူမြို့နယ် ဖောင်းတော-ခမင်းဆိပ်လမ်းပေါ်သို့ တောင်ပြိုမှုဖြစ်ပွားရာ ကောင်းမှုကျေးရွာ၌ လမ်းဘေးရှိ နေအိမ်နှစ်လုံး ရေထဲမျောပါသွားခဲ့သည်။

မျောပါသွားသော နေအိမ်များရှိ အိမ်ထောင်စုနှစ်စုအား နီးစပ်ရာသို့ ကူညီပြောင်းရွှေ့နေထိုင်စေကြောင်း သိရသည်။

မြိုနယ် (ပြန်/ဆက်)

တနင်္သာရီ

တနင်္သာရီမြို့နယ်အတွင်း မြစ်ရေကြီးမှုကြောင့် ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေကြသည့် ရေဘေးသင့်ပြည်သူများအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းထိုက်ရွှေက ယနေ့နံနက် ၉ နာရီမှစ၍ တပ်မတော်ထုတ်စားသောက်ဖွယ်ရာများနှင့် တပ်မိသားစုဝင်များမှ ချက်ပြုတ်လှုပ်ရှားနိုင်သည့် နေ့လယ်စာထမင်းထုပ်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူးသည် ရေဖြူရွာ အမှတ်(၁) စစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး ဝင်းသူထက်၊ မြိတ်မြို့အမှတ် ၅၊ ခုတင်(၁၀၀)တပ်မတော်ဆေးရုံမှ တာဝန်ရှိသူများ၊ တနင်္သာရီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲခေါင်မြင့်တို့နှင့်အတူ သဘာဝဘိုးဘွားရိပ်သာ ဆရာတော် ဘဒ္ဒန္တသုန္ဒရအား ဖူးမြော်ကြည်ညိုပြီး ငါးပါးသီလနှင့် သြဝါခံယူ၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် တိုင်းမှူးသည် သဘာဝ ဘိုးဘွားရိပ်သာမမ္မာရုံတွင် ပြောင်းရွှေ့အိမ်ထောင်စု ၃၁ စုတို့မှ မိသားစုဝင် ၁၃၂ ဦးတို့အား တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့်ပြည်သူတစ်ဦးလျှင် မာမားခေါက်ဆွဲ တစ်ထုပ်စီ၊ အိမ်ထောင်စုတစ်စုလျှင် သောက်ရေသန့်ဘူး ခြောက်ဘူးပါတစ်ကတ်နှင့် အထုပ်သေး ၃၀ ပါ ရှေ့ဖီဦး အသင့် ဖျော်လက်ဖက်ရည်တစ်ထုပ်စီ၊ နေ့လယ်စာထမင်းထုပ်တစ်ထုပ်စီတို့ကို လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့သည်။

ဆက်လက်ပြီး ဗိုလ်မှူးနိုင်တာမြင့် ဦးဆောင်သော တနင်္သာရီတပ်နယ်-နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဆေးကုသမှုပေးနေသည့် ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ချောင်းကြီးရပ်ကွက်အတွင်းမှ တနင်္သာရီခန်းမနှင့် ချောင်းကြီးဘုန်းကြီးကျောင်းနှင့် ဆင်ခြေဖုန်းကျေးရွာအုပ်စု-ဘန်းသဲ ဘုန်းကြီးကျောင်းတို့ရှိ ယာယီကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေကြသည့် ရေဘေးသင့်အိမ်ထောင်စု ၅၇ စုမှ အိမ်ထောင်စုဝင်လူဦးရေ ၂၇၈ ဦးတို့အား တွေ့ဆုံအားပေးစကား ပြောကြားပြီး မာမားခေါက်ဆွဲ ထုပ်၊ ရေသန့်ဘူးနှင့် အသင့်ဖျော် လက်ဖက်ရည်အထုပ်များ၊ နေ့လယ်စာထမင်းထုပ်များကို ထောက်ပံ့ပေးခဲ့ကြကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)

ပုလော

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်တွင် သြဂုတ် ၈ ရက်မှ ၁၀ ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာအချို့ ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

ပုလောမြို့နယ်သည် ကမ်းရိုးတန်းဒေသဖြစ်သည်နှင့်အညီ နှစ်စဉ် မိုးရွာသွန်းမှုများပြားလျက်ရှိရာ ယခုနှစ်အတွင်း ပုလောကုန်းကျေးရွာအုပ်စုရှိ ဝက်တိုးကျေးရွာတွင် အိမ်ခြေ ၁၈ အိမ်၊ လူဦးရေ ၉၀၊ တောင်ပုလဲကျေးရွာတွင် အိမ်ခြေ ၂၀၊ လူဦးရေ ၁၀၀၊ တမိုင်တောင်ကျေးရွာတွင် အိမ်ခြေ ၂၅ အိမ်၊ လူဦးရေ ၁၀၆၊ နတ်အိမ်တောင်ကျေးရွာတွင် အိမ်ခြေ ၃၀၊ လူဦးရေ ၁၂၀၊ ပုလောကုန်းကျေးရွာတွင် အိမ်ခြေ ၅၅ အိမ်၊ လူဦးရေ ၁၈၀၊ ရှမ်းဒွတ်ကျေးရွာအုပ်စုရှိ ရေရှမ်းကျေးရွာတွင် အိမ်ခြေ ၄၅ အိမ်၊ လူဦးရေ ၁၈၀ စုစုပေါင်း အိမ်ခြေ ၁၉၃ အိမ်၊ လူဦးရေ ၇၇၆ ဦးရှိကြောင်း၊ အဆိုပါကျေးရွာများရှိ အခြေခံပညာကျောင်း ၁၃ ကျောင်း ပိတ်ထားကြောင်း၊ ရေဘေးသင့်ပြည်သူအချို့သည် ဆွေမျိုးများနေအိမ်နှင့် ဘုန်းကြီးကျောင်းများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး၊ ပုလောကျေးရွာ ဘုန်းကြီးကျောင်းနှင့် ရေရှမ်းကျေးရွာ ခရစ်ယာန်ဘုရားကျောင်းများတွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

အဆိုပါ ရေကြီးနစ်မြုပ်ကျေးရွာများသို့ တနင်္သာရီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူမှုဝန်းအားအရင်းအမြစ်ဝန်ကြီး ဦးကျော်မင်း၊ ပုလောမြို့နယ် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာကော်မတီနှင့် လူမှုရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများ သွားရောက်၍ လိုအပ်သည်များ ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထူးဝေယံ (ပြန်/ဆက်)

နေပြည်တော် ညောင်ပင်ကြီးစုကျေးရွာရှိ ရှေးဟောင်းစေတီပုထိုးများတွင် ပျူခေတ်အုတ်ဟောင်း၊ အုတ်ကျိုးများတွေ့ရှိ

နေပြည်တော် သြဂုတ် ၁၀

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုအုပ်စု ညောင်ပင်ကြီးစုကျေးရွာတွင် တည်ရှိသည့် ရှေးဟောင်းစေတီပုထိုးများနှင့် ရုပ်ပွားတော်များရှိရာသို့ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များအပြင် ရှေးဟောင်းသမိုင်းသုတေသန ပညာရှင်များကလည်း စိတ်ဝင်တစားဖြင့် လာရောက်လေ့လာလျက်ရှိနေကြသည်။ ယခု ၂၀၁၉ ခုနှစ်အတွင်း ဘုရားဖူးဧည့်သည်များ တစ်နေ့ထက်တစ်နေ့ ပိုမိုစည်ကားများပြားလာခဲ့ရာ နေပြည်တော်၏ အပန်းဖြေလည်ပတ်လေ့လာစရာ ဒေသတစ်ခုဖြစ်လာခဲ့ပြီးစနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များနှင့် အခါကြီးရက်ကြီးများဆိုလျှင် ပို၍ပင်စည်ကားနေသည်။

မွမ်းမံပြီး စေတီပေါင်း ၄၇ ဆူ

အဆိုပါ ရှေးဟောင်းဘုရားများ ပြိုကျပျက်စီးနေခြင်းကို ၂၀၁၃ ခုနှစ်က ရှေးဟောင်းပုဂံယဉ်ကျေးမှုဒေသမှ ပညာရှင်များ နေပြည်တော်သို့ လာရောက်၍ မူလလက်ရာမပျက်ပြန်လည်မွမ်းမံပြင်ဆင် တည်ထားခဲ့ကြောင်း သိရသည်။ ယခုအခါ ရှေးမူလလက်ရာမပျက် ပြန်လည်မွမ်းမံပြင်ဆင်ပြီးသည့် စေတီတော်ပေါင်း ၄၇ ဆူရှိကာ ယင်းရှေးဟောင်းစေတီများနှင့် ပတ်သက်၍ (ဌာန) ပြင်ပသုတေသနပညာရှင်ဦးဘုန်းတင့်ကျော်က "အဲဒီညောင်ပင်ကြီးစု ကျေးရွာမှာရှိတဲ့ စေတီလေး၊ ငါးဆူလောက်မှာ အလွန်ရှေးကျတဲ့ အထောက်အထားတွေကို လေ့လာတွေ့မြင်ခဲ့ရတယ်။ အဲဒီစေတီဟောင်းတွေက ကြွင်းကျန်ရစ်တဲ့ ရှေးဟောင်းအုတ်ကျိုးဟောင်းကြီးတွေနဲ့ ယခုလက်ရာမပျက်တည်ထားတဲ့ စေတီတွေရဲ့ အောက်ခံလေးလွှာမှာရှိတဲ့ ရှေးဟောင်းအုတ်ချပ်ကြီးတွေကို လေ့လာသုတေသနပြုခဲ့တယ်။ အဓိကတွေ့ရတာကတော့ ပျူခေတ်အုတ်လို့ ယူဆရတဲ့ လက်ရေစင်းပါတဲ့ ပျူအုတ်တွေ တွေ့ရပါတယ်။ ပျူခေတ်လို့ ယာယီအမည်တပ်တဲ့ သရေခေတ္တရာခေတ်ကနေ တတိယပုဂံခေတ်အထိ အုတ်ခဲတွေအပေါ်မှာ လက်ချောင်းနဲ့ ရေးမှတ်ပြုလုပ်တဲ့ လက်ရေစင်းတွေ တွေ့ရတယ်။ လက်ရေစင်းပျူအုတ်လို့ ခေါ်ကြတယ်။

ပျူခေတ်အုတ်မှာ ၁၈ လက်မ၊ ၂၀ လက်မ၊ ၂၂ လက်မကနေ ၃၆ လက်မ၊ ၃၇ လက်မ အလျားထိ ကြီးတယ်။ ပုဂံအနော်ရထာမင်းကနေ နောက်ပိုင်းမှာ တစ်တောင်အုတ်၊ နှစ်တောင်အုတ်မျိုးတွေ မတွေ့ရဘူးလို့ ကျွန်တော်တို့ ရှေးကသမိုင်းဆရာကြီးတွေက ပြောခဲ့ကြပါတယ်။ နောက်တစ်ခု ပျူခေတ်သုံး ပျူအက္ခရာတွေကို ရှေးအုတ်တွေပေါ်မှာ တစ်လုံး၊ နှစ်လုံး၊ သုံးလုံးလောက် ရေးထိုးထားတာ တွေ့ရလို့ အုတ်ခဲစာလို့ သမိုင်းလောကမှာ ခေါ်ဆိုကြပါတယ်။ ရှေးဟောင်းအုတ်ကျိုးပိုင်း တစ်ခုရဲ့အပေါ်မှာ ဘီစီ ၆၀၀ ရာစု၊ ၃၀၀ ရာစု၊ ဗုဒ္ဓခေတ်၊ အသောကခေတ်၊ မဒ္ဒိမဒေသမှာသုံးသလို ခေတ်ပြိုင် သရေခေတ္တရာက ဗမာခေါ် ပျူတွေကလည်း သုံးတဲ့ "ရကောက်" အက္ခရာရေးထိုးပါရှိတာလည်း တွေ့ရတယ်"ဟု ယခုသြဂုတ်လလဆန်းပိုင်းက ညောင်ပင်ကြီးစုကျေးရွာ ရှေးဟောင်းစေတီဘုရားများအား လာရောက်လေ့လာခဲ့စဉ်ကဂင်း၏ တွေ့ရှိချက်ကို ရှင်းပြခဲ့သည်။

သာယာသောဒေသအဖြစ် လူသိများ

ယခုအခါ အဆိုပါစေတီဘုရားများတွင် ရှေးဟောင်းပျူခေတ် ယဉ်ကျေးမှုမူရင်း လက်ရာများ တွေ့ရှိထားသည်ဆိုသည့် သတင်းကြောင့် လေ့လာဆန်းစစ်သူများလည်း များပြားလျက်ရှိသည်။ ယခုလက်ရှိတွင် နေပြည်တော်ပုဂံဟုတင်စားခေါ်ဝေါ်နေကြသည့် ရှေးဟောင်းစေတီဘုရားများ တည်ရှိရာ ပရိဝုဏ်အကျယ်အဝန်းမှာ ၈က ၂၀ ကျော်ခန့် ကျယ်ဝန်းပြီး သက်တမ်းရင့် ထန်းပင်ကြီးအရေအတွက် ၁၀၀ ကျော်တို့ဖြင့် ဝိုင်းထားပြီး ရှေ့ဘက်ရှိ ဝင်ပေါက်ကြီးမှ ဝင်ရောက်ကြည့်ရှုနိုင်ကြပြီး ဘုရားပွဲတော်ကာလ ပြည်ပမှ ဧည့်သည်များ ရောက်ရှိလာကြပြီး ဈေးဆိုင်ကလေးများ ဖွင့်လှစ်ရောင်းချနေကြသည်။

ညောင်ပင်ကြီးစုကျေးရွာရှိ ရှေးဟောင်းစေတီပုထိုးများတွင် တွေ့ရှိရသည့် ပျူခေတ်အုတ်ချပ်များနှင့် ရှေးဟောင်းကျောက်စီရှေ့ချသလွန်တော်ကို တွေ့ရစဉ်။

နေပြည်တော်၏ သာယာချမ်းမြေ့စေရာ ဒေသဝန်းကျင်တစ်ခုအဖြစ် လူသိများ ထင်ရှားနေသည်။

ထို့အပြင် အဆိုပါရှေးဟောင်းစေတီဘုရားများ ဧရိယာအတွင်းရှိ သိမ်ကျောင်းဘုန်းတော်ကြီးကျောင်းအပေါ် ထပ်၌လည်း အလျားခြောက်ပေခန့်နှင့် အနံ လေးပေခန့်ရှိ ရှေးဟောင်းကျောက်စီ ရှေ့ချသလွန်တော်ကြီးတစ်ခုနှင့် နှစ်ထပ်သိမ်ကျောင်းတော် ဗီရိုအတွင်းရှိ ရှေးဟောင်း ရွှေပေစာမျိုးစုံကိုလည်း လေ့လာတွေ့မြင်နိုင်မည်ဖြစ်ပြီး ယင်းရှေးဟောင်းပစ္စည်းများနှင့် ရှေးဟောင်းစေတီများကို ဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒ အမှူးပြုသည့် ညောင်ပင်ကြီးစုကျေးရွာသူကျေးရွာသားများက ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ထားကြောင်း သိရသည်။

အဆိုပါနေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုအုပ်စု ညောင်ပင်ကြီးစုကျေးရွာရှိ ရှေးဟောင်းစေတီဘုရားများ၏ သမိုင်းခေတ်ကာလလက်ရာဟန်သည် ကုန်းဘောင်ခေတ် လက်ရာဟန်နှင့် ညောင်ရမ်းခေတ် လက်ရာဟန်များ ဖြစ်ပြီး အလွယ်ကူဆုံး မှတ်သားနိုင်ရန်မှာ နှစ်ပေါင်း ၃၀၀ မှ ၂၀၀ အတွင်းရှိ လက်ရာဟန်များသာဖြစ်ကြောင်း နေပြည်တော် သမိုင်းသုတေသနဦးစီးဌာန မှတ်တမ်းတွင် တွေ့ရှိခဲ့ရသည်။ **ကိုပေါက်(ဥက္ကာမြေ)**

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုနှင့် လမ်းမကြီးများတွင် ရေကျော်နေ

ပေါင်

မွန်ပြည်နယ် ပေါင်မြို့နယ် ကျွဲခြံကျေးရွာတွင် သြဂုတ် ၁၀ ရက် နံနက် ၇ နာရီခန့်က တောင်မြေအနည်းငယ်ပြိုကျမှုကြောင့် နေအိမ်တစ်အိမ် ကားလမ်းမပေါ်အထိ ရောက်ရှိခဲ့ကြောင်း ပေါင်မြို့နယ် ရဲတပ်ဖွဲ့မှူးထံမှ သိရသည်။

အဆိုပါတောင်မြေပြိုကျမှုကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း ယင်းနေရာသို့ တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်ပေးကာ စိုးရိမ်ရသည့်နေအိမ်များမှ အိမ်ထောင်စုများအား ရွှေ့ပြောင်းကူညီပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ကျွဲခြံကျေးရွာ ရွာသစ်ပိုင်းရှိ အောင်သိဒ္ဓိခမ္မစကြံ့ တောင်ပေါ်ကျောင်းတွင် တောင်မြေသားပြိုကျမှုဖြစ်ပွားရာ ဘုန်းကြီးကျောင်းတစ်လုံး ပြိုကျပျက်စီးပြီး ဆက်လက်ပြိုကျနိုင်သည့် အနေအထားရှိနေသေးကြောင်း အဆိုပါကျောင်းမှ ယာယီကျောင်းထိုင် ဆရာတော်က မိန့်ကြားသည်။

အလားတူ ပေါင်မြို့နယ်တွင် တောင်မြေပြိုကျမှု ငါးနေရာဖြစ်ပွားခဲ့သည့်အနက် သြဂုတ် ၉ ရက် နံနက်ပိုင်းက ပေါင်မြို့နယ် သဲဖြူကုန်းတွင် ဖြစ်ပွားခဲ့သည့် တောင်မြေသားပြိုကျမှု၌ ယနေ့ ညပိုင်းအထိ သေဆုံးသူ ၄၂ ဦးနှင့် ပြိုကျသည့်အထဲမှ ၂၈ ဦးကို အသက်ရှင်လျက် ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးထံမှ သိရသည်။ **ကိုဟိန်း (ပေါင်)**

ကြာအင်းဆိပ်ကြီး

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ဇမိမြစ်ရေသည် ၁၀၁၄ စင်တီမီတာသို့ ရောက်ရှိလာသဖြင့် လူနေအိမ်များသို့ ရေထပ်မံဝင်ရောက်နစ်မြုပ်မှုကြောင့် ရေဘေးရှောင်စခန်းများ ထပ်မံဖွင့်လှစ်ခဲ့ရသည်။

အဆိုပါ မြစ်ရေထပ်မံမြင့်တက်လာခြင်းကြောင့် ရေဘေးရှောင်စခန်းများရှိရာ အမှတ်(၆)ရပ်ကွက်ရှိ ဘိုတဲဝင်း ရော်ဘာခြံကုန်း အ-မ-က(၁)၊ အမှတ်(၃)ရပ်ကွက်ရှိ အ-ထ-က(ခွဲ) နှင့် အမှတ်(၂)ရပ်ကွက်ရှိ အ-မ-က(၄)ကျောင်းများနှင့် ဆွေမျိုးနီးစပ်ရာအိမ်များတွင် စုစုပေါင်းအိမ်ထောင်စု ၄၁၄ စု၊ လူဦးရေ အမျိုးသား ၉၁၇ ဦး၊ အမျိုးသမီး ၁၀၂၈ ဦး စုစုပေါင်း ၁၉၄၅ ဦး ယာယီရွှေ့ပြောင်းနေထိုင်လျက်ရှိသည်။ ၎င်းရေဘေးရှောင်ပြည်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူးက ကြီးကြပ်စီမံဆောင်ရွက်ကာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုအဖွဲ့အစည်းများက ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပြီး စေတနာရှင်ပြည်သူများကလည်း ရေဘေးရှောင်ပြည်သူများအတွက် ထမင်းထုပ်များ၊ ရေသန့်ဘူးများ ဝေငှထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ယနေ့မွန်းတည့် ၁၂ နာရီက မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး ချောင်းရေတိုက်စားမှုကြောင့် ကြခတ်ချောင်းကျေးရွာအုပ်စုရှိ ကြခတ်ချောင်း-အုန်းတပင်ကျေးရွာချင်းဆက်တံတား တစ်စင်းလုံး ရေထဲမျောပါသွားကြောင်း သိရသည်။ **မျိုးမင်းဦး(ပြန်/ဆက်)**

ဘားအံ

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေ မြင့်တက်လာမှုကြောင့် အနိမ့်ပိုင်းရပ်ကွက်များတွင် သြဂုတ် ၆ ရက် နံနက်ပိုင်းမှစတင်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာခဲ့ပြီ ဘားအံ-မော်လမြိုင်သွားအဖြောင့်လမ်းမကြီးပေါ်ရှိ ဘားအံ-ဇာသပြင်သွားလမ်းအပိုင်းအချို့တွင်လည်းကောင်း၊ မြဝတီ-မော်လမြိုင် ဆက်သွယ်သွားလာနိုင်သည့် မော်လမြိုင်-ဇာသပြင်-အိန္ဒုလမ်းမပေါ်တွင်လည်းကောင်း ရေဖြတ်ကျော်မှုများရှိခဲ့ရာ သြဂုတ် ၉ ရက် နံနက်ပိုင်းက ဇာသပြင်-အိန္ဒုကားလမ်းမပေါ် ဘုရားကုန်းကျေးရွာ ကားလမ်းပိုင်းအပါအဝင် လမ်းရေကျော်မှုများရှိနေကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းအလိုက် ရေဖြတ်ကျော်လျက်ရှိရာ ဇာသပြင်- အိန္ဒုကားလမ်းမပေါ် ဘုရားကုန်းကျေးရွာအနီး ကားလမ်းအပိုင်းသည် လမ်းအရှည် ပေ ၂၀၀ ခန့်၊ အနက်ဆုံးရေ နှစ်ပေနီးပါး လမ်းရေကျော်ရာ ယာဉ်များသွားလာရာတွင် လမ်းတိမ်းချော်မှုမရှိစေရေး အမှတ်အသားများ စိုက်ထူမှတ်ပေးခြင်းနှင့် ယာဉ်များသွားလာရေးအဆင်ပြေစေရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

မြိတ်

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် သြဂုတ် ၉ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြိတ်-ထားဝယ် ကားလမ်း ပပြင်ကျေးရွာတွင် တောင်ကျရေများ စီးဆင်းလာရာ ဓနိမိုး၊ ယိုင်ကာ၊ ပျဉ်ခင်း နေအိမ်နှစ်လုံး မျောပါခဲ့ပြီး ကမ်းလမ်းမပေါ် ငါးပေခန့်ရေကျော်ခဲ့ကာ ကားလမ်းဘေးရှိ နေအိမ် ၄၃ လုံး ရေဝင်သဖြင့် ကုန်းမြင့်ရှိ ဆွေမျိုးများအိမ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြကြောင်း သိရသည်။

ထို့အပြင် ယနေ့ မွန်းတည့် ၁၂ နာရီက မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး ချောင်းရေတိုက်စားမှုကြောင့် ကြခတ်ချောင်းကျေးရွာအုပ်စုရှိ ကြခတ်ချောင်း-အုန်းတပင်ကျေးရွာချင်းဆက်တံတား တစ်စင်းလုံး ရေထဲမျောပါသွားကြောင်း သိရသည်။ **မျိုးမင်းဦး(ပြန်/ဆက်)**

ဘားအံ

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေ မြင့်တက်လာမှုကြောင့် အနိမ့်ပိုင်းရပ်ကွက်များတွင် သြဂုတ် ၆ ရက် နံနက်ပိုင်းမှစတင်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာခဲ့ပြီ ဘားအံ-မော်လမြိုင်သွားအဖြောင့်လမ်းမကြီးပေါ်ရှိ ဘားအံ-ဇာသပြင်သွားလမ်းအပိုင်းအချို့တွင်လည်းကောင်း၊ မြဝတီ-မော်လမြိုင် ဆက်သွယ်သွားလာနိုင်သည့် မော်လမြိုင်-ဇာသပြင်-အိန္ဒုလမ်းမပေါ်တွင်လည်းကောင်း ရေဖြတ်ကျော်မှုများရှိခဲ့ရာ သြဂုတ် ၉ ရက် နံနက်ပိုင်းက ဇာသပြင်-အိန္ဒုကားလမ်းမပေါ် ဘုရားကုန်းကျေးရွာ ကားလမ်းပိုင်းအပါအဝင် လမ်းရေကျော်မှုများရှိနေကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းအလိုက် ရေဖြတ်ကျော်လျက်ရှိရာ ဇာသပြင်- အိန္ဒုကားလမ်းမပေါ် ဘုရားကုန်းကျေးရွာအနီး ကားလမ်းအပိုင်းသည် လမ်းအရှည် ပေ ၂၀၀ ခန့်၊ အနက်ဆုံးရေ နှစ်ပေနီးပါး လမ်းရေကျော်ရာ ယာဉ်များသွားလာရာတွင် လမ်းတိမ်းချော်မှုမရှိစေရေး အမှတ်အသားများ စိုက်ထူမှတ်ပေးခြင်းနှင့် ယာဉ်များသွားလာရေးအဆင်ပြေစေရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

မြိတ်

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် သြဂုတ် ၉ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြိတ်-ထားဝယ် ကားလမ်း ပပြင်ကျေးရွာတွင် တောင်ကျရေများ စီးဆင်းလာရာ ဓနိမိုး၊ ယိုင်ကာ၊ ပျဉ်ခင်း နေအိမ်နှစ်လုံး မျောပါခဲ့ပြီး ကမ်းလမ်းမပေါ် ငါးပေခန့်ရေကျော်ခဲ့ကာ ကားလမ်းဘေးရှိ နေအိမ် ၄၃ လုံး ရေဝင်သဖြင့် ကုန်းမြင့်ရှိ ဆွေမျိုးများအိမ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြသည်။

ထို့အတူ မြိတ်-ထားဝယ် ကားလမ်းအလယ်ချောင်းကျေးရွာတွင်လည်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေများ စီးဆင်းလာရာ ကားလမ်းမပေါ် သုံးပေခွဲခန့် ရေကျော်ခဲ့ပြီး နေအိမ် ၂၇ လုံး ရေဝင်သဖြင့် အလယ်ချောင်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ)တွင် ယာယီပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

အလားတူ နန်းတော်ရာကျေးရွာအုပ်စု ဓားသွေးကျေးရွာတွင်လည်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေများ စီးဆင်းလာရာ နေအိမ်ရှစ်လုံး ရေဝင်သဖြင့် ၎င်းတို့၏ဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

ခိုင်ထူး(မြိတ် ပြန်/ဆက်)

ကျိုက်မရော

ကျိုက်မရောတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး အတ္တရံမြစ်ရေ စိုးရိမ်ရေမှတ်သို့ မြင့်တက်လာသဖြင့် ကျေးရွာပေါင်း ၁၂ ရွာနှင့် ရပ်ကွက် လေးခုတို့ ရေကြီးနစ်မြုပ်ခဲ့ရာ သြဂုတ် ၉ ရက် ညနေက ရေဘေးကယ်ဆယ်ရေးစခန်းပေါင်း လေးခုဖွင့်လှစ်ပေးခဲ့ရသည်။ အဆိုပါ ရေဘေးကယ်ဆယ်ရေးစခန်းလေးခုတွင် ရေဘေးရှောင်ပြည်သူပေါင်း ၁၀၆၂ ဦးရှိပြီး ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများမှာ မိမိတို့ရွာနှင့် နီးစပ်သော ဆွေမျိုးအိမ်များသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

ယနေ့နံနက် ၄ နာရီမှစ၍ မြစ်ရေဆက်လက်တိုးလာသဖြင့် ကျိုက်မရောမြို့ရှင်စောပုရပ်ကွက်ရှိ ဆုတောင်းပြည့်ဘုရားကြီးရှေ့တွင် လှေဆိပ်ဖွင့်လှစ်ပေးထားပြီး တစ်နေရာမှ တစ်နေရာသို့ လှေဖြင့်သွားလာနေကြသည်ကို တွေ့ရသည်။ သြဂုတ် ၁၀ ရက်အထိ ကျိုက်မရောမြို့နယ်တွင် ကျေးရွာပေါင်း ၁၂ ရွာ ရေကြီးနစ်မြုပ်၍ အိမ်ထောင်စုပေါင်း ၄၇၂၆ စုနှင့် လူဦးရေစုစုပေါင်း ၂၅၈၅ ဦးတို့ ရေဘေးနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး (ကျိုက်မရော)

ကျောက်ကြီး

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ချောင်းရေမြင့်တက်လာမှုနှင့် စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ပြန်လည်မြင့်တက်လာမှုတို့ကြောင့် ယနေ့တွင် ကယ်ဆယ်ရေးစခန်းငါးခု၌ မြို့ပေါ်ရပ်ကွက်ငါးခုနှင့် ကျေးရွာအုပ်စုအချို့မှ အိမ်ထောင်စုများသည် အိမ်ထောင်စု ၂၄၈ စု၊ လူဦးရေ ၁၁၀၄ ဦးတို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ မြစ်ရေမြင့်တက်ခြင်းကြောင့် အခြေခံပညာကျောင်း ၁၂ ကျောင်း ခေတ္တယာယီပိတ်ထားရကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ **ကိုသားကြီး(ကျောက်ကြီး)**

တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ ရေလှောင်တမံ ၁၇ ခုတို့တွင် ရေပိုလွှမ့် ရေကျော်ကျလျက်ရှိ

နေပြည်တော် သြဂုတ် ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံများအနက် အချို့သာ ရေလှောင်တမံများတွင် မိုးရွာသွန်းမှု အားကောင်း၍ သတ်မှတ်ကန်ရေပြည့်မှတ်ထက်ကျော်လွန်ကာ ရေပိုလွှမ့်များမှ ရေကျော်ကျစီးထွက်လျက်ရှိသည်။

ယနေ့တွင် သတ်မှတ်ကန်ရေပြည့်မှတ်ထက် ကျော်လွန်၍ ရေပိုလွှမ့် ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံ ၁၇ ခု ရှိသည်။ ၎င်းရေလှောင်တမံများမှာ လှိုင်းဘွဲမြို့၌ ရေဘုတ်ရေလှောင်တမံ၊ ဇလမ်းမြို့၌ လိုင်ဗားရေလှောင်တမံ၊ ကလေးမြို့၌ ရာဇဂြိုဟ် ရေလှောင်တမံ၊ အုတ်တွင်းမြို့၌ မင်းရဲ့ရေလှောင်တမံ၊ ဖြူးမြို့၌ ငမြွေရေလှောင်တမံ၊ စေတုတ္တရာမြို့၌ မုန်းချောင်းရေလှောင်တမံ၊ ငဖဲမြို့၌ မန်းချောင်းရေလှောင်တမံ၊ ပွင့်ဖြူမြို့၌ ကြီးအုံကြီးဝရေလှောင်တမံ၊ သထုံမြို့၌ ဝါးပါးရေလှောင်တမံ၊ မော်လမြိုင်မြို့၌ ရွှေနတ်တောင် ရေလှောင်တမံ၊ မုဒုံမြို့၌ အဇင်းရေလှောင်တမံ၊ ကျောက်တော်မြို့၌ ပြိုင်းချောင်းရေလှောင်တမံနှင့် ရှောက်ချောင်းရေလှောင်တမံ၊ မင်းပြားမြို့၌ ဂရင်ဂျိုင်ရေလှောင်တမံနှင့် ကြက်တက်ရေလှောင်တမံ၊ အင်ပူမြို့၌ နန်ကသူရေလှောင်တမံနှင့် ကညင်ရေလှောင်တမံတို့ ဖြစ်ကြသည်။ **သတင်းစဉ်**

ရခိုင်ပြည်နယ် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ စစ်တွေဇုန်အဆင့် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

စစ်တွေ သြဂုတ် ၁၀

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ရခိုင်ပြည်နယ် တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ စစ်တွေဇုန်အဆင့် (အမျိုးသား/အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက စစ်တွေမြို့ဧည့်ဝတီဘောလုံးကွင်း၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု တက်ရောက်အားပေးသည်။

ဗိုလ်လုပွဲစဉ်အပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရရှိကြသည့် စစ်တွေတက္ကသိုလ် အမျိုးသားဘောလုံးအသင်းနှင့် စစ်တွေတက္ကသိုလ် အမျိုးသမီးဘောလုံးအသင်းတို့အား တံခွန်စိုက်ဆုဖလားများ ချီးမြှင့်ပေးအပ်သည်။

ထို့ပြင် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ပထမဆုရရှိကြသည့် စစ်တွေတက္ကသိုလ် အမျိုးသားဘောလုံးအသင်းနှင့် စစ်တွေတက္ကသိုလ်အမျိုးသမီးဘောလုံးအသင်း၊ ဒုတိယဆုရရှိကြသည့် ကွန်ပျူတာတက္ကသိုလ်(စစ်တွေ) အမျိုးသားဘောလုံးအသင်းနှင့်နည်းပညာတက္ကသိုလ် (စစ်တွေ)အမျိုးသမီးဘောလုံးအသင်းတို့မှ အသင်းအုပ်ချုပ်သူများနှင့် အားကစားသမားများအား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဆုငွေများကို ပေးအပ်ခဲ့သည်။

အမျိုးသားဘောလုံးပြိုင်ပွဲတွင် စစ်တွေတက္ကသိုလ်အသင်း၊ နည်းပညာတက္ကသိုလ်(စစ်တွေ)အသင်း၊ ကွန်ပျူတာတက္ကသိုလ် (စစ်တွေ)အသင်းနှင့် တောင်ကုတ်ဒီဂရီကောလိပ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် စစ်တွေတက္ကသိုလ်အသင်း၊ နည်းပညာတက္ကသိုလ်(စစ်တွေ)အသင်းနှင့် ကွန်ပျူတာတက္ကသိုလ် (စစ်တွေ) အသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။

အလင်းသစ်၊ လူကျော်

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု ရခိုင်ပြည်နယ် တက္ကသိုလ်/ဒီဂရီကောလိပ် ပေါင်းစုံစစ်တွေ ဇုန်အဆင့် ဘောလုံးပြိုင်ပွဲ ဆုရအမျိုးသား အသင်းအား ဆုချီးမြှင့်စဉ်။

SMM 3rd Asian အမျိုးသားယူ - ၂၃ ဘော်လီဘောပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် သြဂုတ် ၁၀

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်ကျင်းပသည့် SMM 3rd Asian "Asia World Foundation "Men's U-23 Volleyball Championship ပြိုင်ပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B) နှင့်(C) တို့၌ ဆက်လက်ကျင်းပသည်။

ယနေ့ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ နိုင်ငံအဆင့်သတ်မှတ်ချက် (၅)မှ (၈)အတွင်း တရုတ်အသင်းနှင့် သီရိလင်္ကာအသင်းတို့ယှဉ်ပြိုင်ကစားကြရာ (၂၅-၂၁)မှတ်၊(၂၅-၂၅)မှတ်၊(၂၃-၂၅)မှတ်၊ (၂၅-၂၃)မှတ်ဖြင့် လည်းကောင်း၊ ကာဇက်စတန်အသင်းနှင့် သြစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ(၂၅-၂၂)မှတ်၊ (၁၄-၂၅)မှတ်၊ (၂၅-၂၃)မှတ်၊ (၂၅-၂၂)မှတ်ဖြင့် လည်းကောင်း၊ အနိုင်ရရှိသည်။

ဝဏ္ဏသိဒ္ဓိအားကစားရုံ (C) ၌ နိုင်ငံအဆင့်သတ်မှတ်ချက် (၁၅)မှ (၁၆)အတွင်း ဆော်ဒီအာရေဗျအသင်းနှင့် နယူးဇီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ (၂၅-၁၄)မှတ်၊ (၂၅-၂၀)မှတ်၊ (၂၅-၂၀)မှတ်ဖြင့် လည်းကောင်း၊ နိုင်ငံအဆင့်သတ်မှတ်ချက် (၁၃)မှ (၁၄)အတွင်း ကာတာအသင်းနှင့် ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ(၂၅-၁၆)မှတ်၊ (၂၄-၂၆)မှတ်၊ (၂၅-၂၂)မှတ်၊ (၂၅-၂၀)မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသည်။

ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ နိုင်ငံအဆင့်သတ်မှတ်ချက် (၁)မှ (၄)အတွင်း ဂျပန်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်း၊ ပါကစ္စတန်အသင်းနှင့် အိန္ဒိယအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ နိုင်ငံအဆင့်သတ်မှတ်ချက် (၁၁)မှ (၁၂)အတွင်း ဘာရိန်းအသင်းနှင့် ထိုင်းအသင်း၊ နိုင်ငံအဆင့်သတ်မှတ်ချက် (၉)မှ (၁၀)အတွင်း မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိကြသည်။

အဆိုပါ SMM 3rd Asian "Asia World Foundation" Men's U-23 Volleyball Championship ပြိုင်ပွဲကို သြဂုတ် ၁၁ ရက်တွင် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B)၌ ညနေ ၆ နာရီခွဲတွင် ဗိုလ်လုပွဲပြိုင်ပွဲကို စတင်၍ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဘော်လီဘော အားကစားနည်းကို စိတ်ပါဝင်စားသူများ အနေဖြင့် မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဖလားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် သြဂုတ် ၁၀

ကျောင်းသား ကျောင်းသူများ ကြံ့ခိုင်ပျော်ရွှင်စေရေး၊ ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုရှိစေရေးတို့အတွက် ရည်ရွယ်၍ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်- ရန်ကုန် ပါမောက္ခချုပ်ဖလား ဘောလုံးပြိုင်ပွဲ(၂၀၁၉)ဗိုလ်လုပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့သထုံလမ်း တက္ကသိုလ်များဘောလုံးကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲဆက်လက်ကျင်းပရာ အနိုင်ရဗိုလ်စွဲသော စတုတ္ထနှစ် ဘီဒီအက်စ်အမျိုးသားအသင်း၊ အကောင်းဆုံးကစားသမားဆုနှင့် နေရာအလိုက် အကောင်းဆုံးဆုရရှိသူများအား ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ရွှေတိုးနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်လူမော်

အလီဘာဘာနှင့် ခိုးသားငါးယောက်ရုပ်ရှင် အထူးပွဲပြသ

ရန်ကုန် သြဂုတ် ၁၀

အလီဘာဘာနှင့် ခိုးသားငါးယောက်ရုပ်ရှင်ဇာတ်ကားကို သြဂုတ် ၁၅ ရက်တွင် တစ်နိုင်ငံလုံး အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း ယနေ့နံနက် ၇ နာရီက ရန်ကုန်မြို့သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြသသည့် ရုပ်ရှင်အထူးပြပွဲမှ သိရသည်။

ဤဇာတ်ကားတွင် ဒါရိုက်တာ ပြည်ဟိန်းသီဟ၊ ဇာတ်ညွှန်းစွမ်းပိုင်၊ သရုပ်ဆောင် ဗေလုဝ၊ ဇရာ၊ ကျော်ထူး၊ ဝှက်ပျောကြော်၊ ညောင်ညောင်၊ ကင်းကောင်၊ ကျင်ဝှက်၊ ဆင်မ၊ မျောက်ရှုံး၊ အောင်သော်၊ အောင်မော်၊ ကြာစိ၊ လူရွှင်တော် ၃၃ ဦး၊ ဂွမ်းပုံ၊ သရုပ်ဆောင်သစ် ညီအစ်မ နိုင်မြတ်သဇင်၊ ပြုံးမြသွယ်တို့က ပါဝင်သရုပ်ဆောင်ထားပြီး ပြုံးရုပ်ရှင်ထုတ်လုပ်ရေးက ဟာသဇာတ်ကားအသွင် ဆံရစ်ဝိုင်းလေးတို့ရွာတွင် သွားရောက်ရိုက်ကူးထားသည်။

"ဦးဗေလုဝ အကယ်ဒမီမရခင်က ရိုက်ထားတာပါ။ လေးနှစ်ကြာပြီ။ ဒီကားထဲမှာ ဦးဗေလုဝက အကယ်ဒမီမရရင် ရှင်ရှင်မရိုက်ဘူးဆိုတဲ့ ရုပ်ရှင်ရူး တစ်ယောက်ပုံနဲ့ပါ။ သဲတောထဲမှာ သွားရိုက်ရတာ ပျော်စရာပဲ။ အမှတ်တရတွေက စက်စက်ယိုရွာမှာ နေ့တိုင်း ကြက်သားကာလသားချက်စားရတာပဲ။ ဒီကားလေးက ဟာသကားဆိုပေမယ့် ရသစုံပါတယ်။ ဒရာမာပါ ချိုးထားသေးတယ်။ ချစ်စရာကောင်းတဲ့ တောခလေ့ကိုပါ ရိုက်ကူးထားပါတယ်"ဟု သရုပ်ဆောင် အကယ်ဒမီဗေလုဝက ပြောသည်။

"ရုံတင်ရက်ကလည်း တိုက်တိုက်ဆိုင်ဆိုင် နိုင်မြတ်မွေးနေ့ရက်လေးမှာ ရုံတင်ခွင့်ရလို့ ပိုပြီးပျော်ပါတယ်။ ကျွန်မတို့ ပထမဆုံးရိုက်ထားတဲ့ ဇာတ်ကားလေးဖြစ်လို့ လာရောက်အားပေးကြပါလို့ ပရိသတ်ကြီးကို ဖိတ်ခေါ်အပ်ပါတယ်"ဟု သရုပ်ဆောင် နိုင်မြတ်သဇင်က ပြောသည်။

အလီဘာဘာနှင့် ခိုးသားငါးယောက်၏ ဇာတ်လမ်းအကျဉ်းမှာ သူခိုးငါးဦးအဖွဲ့မှာ တစ်နေ့တွင် ခိုးယူလာသည့် သေတ္တာထဲမှ ရတနာမြေပုံကို တွေ့ပြီးနောက် ထိုမြေပုံအတိုင်း သွားရောက်ကာတူးဖော်ရန် အခက်အခဲ ရှိသဖြင့် သရုပ်ဆောင်ရှေ့ ဗေလုဝကို ဌာန၍ ထိုရွာတွင် တော်လှန်ရေးကား ရုပ်ရှင်ရိုက်ရန် ရိုက်ကူးရေးအတုအဖွဲ့ကို စီစဉ်ကာ ဗုံးခိုကျင်းများ အသွင်ရတနာမြေပုံ နေရာအား ရွာသားများကို တူးခိုင်းစေပြီး ရတနာသေတ္တာတွေ့ရှိချိန်တွင် ရှေးဟောင်းပစ္စည်း ထိန်းသိမ်းရေးဥပဒေ ပါဟုဒ်မဖြင့် ရဲတပ်ဖွဲ့ကထိန်းသိမ်းကာအပ်နှံသူရွာသားများကို ဆုငွေများပေးအပ်စေခြင်းပင်ဖြစ်သည်။

ကျားဝမ်ရှင်း

❒ *ကျောဖုံးမှ*

ပွဲချိန် ၁၉ မိနစ်တွင် ဖာဓိနိ၏ဖန်တီးမှုကို ဆာလက်က လီဗာပူးအတွက် ဒုတိယဂိုးအဖြစ် သွင်းယူခဲ့ပြီး ၂၈ မိနစ်တွင် ပန်ဒိုက်က ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူကာ တတိယဂိုး ရရှိခဲ့ပြီး စတုတ္ထမြောက်ဂိုးကို ပွဲချိန် ၄၂ မိနစ်တွင် အိုရိဂီက သွင်းယူခဲ့သည်။ နေ့ဝှစ်ချ်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၆၄ မိနစ်တွင် တိုက်စစ်မှူး ပွတ်ကီက သွင်းယူပေးခဲ့သည်။

စနေနေ့ညပရီမီယာလီဂ်ပွဲစဉ် တစ်ပွဲဖြစ်သောဝက်စ်ဟမ်းနှင့်လက်ရှိ ချန်ပီယံ မန်စီးတီးတို့ပွဲစဉ်တွင် အိမ်ရှင်ဝက်စ်ဟမ်းသည် ၄-၂- ၃- ၁ ပုံစံဖြင့် ပွဲထွက်ခဲ့ပြီး မန်စီးတီးသည် ၄- ၃- ၃ ကစားကွက်ဖြင့် ပွဲထွက်လာသည်။ မန်စီးတီးအတွက် အဖွင့်ဂိုးကိုပွဲချိန် ၂၅ မိနစ်တွင်ဝေါကာ၏ ဖန်တီးမှုမှတစ်ဆင့် ဂျီးဆပ်စ်က အနီးကပ်ပိတ်သွင်းယူခဲ့သည်။

မန်စီးတီးအတွက် ထပ်မံအနိုင်ဂိုးများကို ဒုတိယပိုင်းပွဲချိန် ၅၁ မိနစ်၊ ၇၅ မိနစ်နှင့် မိနစ် ၉၀ တွင် စတာလင်းက ဟက်ထရစ်သွင်းယူခဲ့ကာ ယခုနှစ် ရာသီတွင် စတာလင်းသည် ပထမဦးဆုံး ဟက်ထရစ်သွင်းယူသည့် ကစားသမား ဖြစ်ခဲ့ပြီး ပွဲချိန် ၈၆ မိနစ်တွင် အဂူရိုက ပယ်နယ်တီသွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် မန်စီးတီးအသင်းသည် ငါးဂိုးပြတ်ဖြင့် ဂိုးပြတ်အနိုင်ယူခဲ့ပြီး ချန်ပီယံခြေစွမ်းကို ပြသခဲ့သည်။

အခြားပွဲစဉ်များတွင် ဘုန်းမောက်နှင့် ရှက်ဖီးလ်ယူနိုက်တက်တို့ပွဲမှာ တစ်ဂိုးစီ သရေကျပြီး ပဲလေ့စ်နှင့် အဲဗာတန်တို့မှာ ဂိုးမရှိသရေဖြစ်ခဲ့သည်။ ဘန်လေက ဆောက်သမ်တန်ကို သုံးဂိုး- ဂိုးမရှိဖြင့်နိုင်ပြီး ဝက်ဖို့ဒ်က အိမ်ကွင်း၌ ဘရိုက်တန်ကို သုံးဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

သီဟ

✻ ကျောဖုံးမှ

မြန်မာ ယူ- ၁၈ အသင်းသည် ယခုပွဲတွင်လည်း ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး တီမောအသင်းကို ရင်ဆိုင်ခဲ့သည်။ တီမောအသင်းမှာလည်း နောက်တစ်ဆင့် တက်ရေး မျှော်လင့်ချက်အတွက် ယခုပွဲတွင် အမှတ်ရရန် ကြိုးပမ်းခဲ့သည်။

တီမောအသင်း၏ ရုန်းကန်မှုကြောင့် မြန်မာအသင်း အားကုန်ထုတ်ကစားခဲ့ရသလို ဂိုးသွင်းခွင့်များ အသုံးမချနိုင်သောကြောင့် ဒုတိယပိုင်းမှ အနိုင်ဂိုးရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့ပြီး ၇၁ မိနစ်တွင် မိုးဆွေ၏ သွင်းဂိုးဖြင့် အနိုင်ရခဲ့သည်။

ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးရနိုင်သည့် အခွင့်အရေးများရသော်လည်း အသုံးမချနိုင်သောကြောင့် မြန်မာအသင်းက မိုးဆွေသွင်းယူသည့်တစ်ဂိုးတည်းဖြင့် အနိုင်ရခဲ့သည်။

အုပ်စု (က) အခြားပွဲတွင် အင်ဒိုနီးရှားအသင်းက ဘရူနိုင်းအသင်းကို ခြောက်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု (က) ၌ မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့က သုံးပွဲစလုံး အနိုင်ရကာ ကိုးမှတ်စီဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ရန် အခြေအနေကောင်းနေသည်။ မြန်မာအသင်းသည် အုပ်စုစတုတ္ထပွဲအဖြစ် သြဂုတ် ၁၂ ရက်တွင် ဘရူနိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။

ရဲရင့်ရွှင်း

ကမ္ဘာ့အကြီးကျယ်ဆုံးဘောလုံးပွဲ ဝင်ရောက်ယှဉ်ပြိုင်မည် မြန်မာ ယူ- ၁၂ အသင်းထွက်ခွာ

ရန်ကုန် သြဂုတ် ၁၀- တရုတ်ပြည်သူ့သမ္မတနိုင်ငံ Qingdao မြို့၌ သြဂုတ် ၁၀ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် ကမ္ဘာ့အကြီးကျယ်ဆုံး ဘောလုံးပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်မည့် Power Soccer Football Academyမှ ယူ-၁၂ အသင်း သြဂုတ် ၈ ရက်က ထွက်ခွာသွားကြောင်း သိရသည်။ " ဒီပြိုင်ပွဲက တစ်နှစ် တစ်ကြိမ် ကျင်းပတာပါ။ ဒီနှစ်မှာမြန်မာကိုယ်စားပြု ဖိတ်ကြားခံရလို့ ဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ မြန်မာလူငယ်ကစားသမားတွေကို ကမ္ဘာ့နိုင်ငံတကာအဆင့်အထိ တက်လှမ်းနိုင်အောင် မြှင့်တင်ပေးသွားမှာ ဖြစ်ပါတယ်" ဟု Power Soccer Football Academyမှ နိုင်ဂျီးရီးယားနည်းပြချုပ် Albert က ပြောသည်။ အဆိုပါ ဘောလုံးပြိုင်ပွဲကြီးတွင် နိုင်ငံတကာအသင်းပေါင်း ၃၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

အာကာစိုး

တောင်ဥက္ကလာပ၌ ထိုင်ဝမ်နှစ်ဦးနှင့် မြန်မာနိုင်ငံသားတစ်ဦးထံမှ အိုက်စ် ၇၄ ကီလို ဖမ်းဆီးရမိ

နေပြည်တော် သြဂုတ် ၁၀

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၌ ထိုင်ဝမ်နှစ်ဦးနှင့် မြန်မာနိုင်ငံသားတစ်ဦး တို့ထံမှ အိုက်စ် ၇၄ ကီလိုကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နိုင်ငံတကာမူးယစ်ဆေးဝါးဂိုဏ်းနှင့် ဆက်စပ်မှုရှိသည့် သံသယရှိသူ တရုတ်(ထိုင်ဝမ်)လူမျိုး Chen Ying Chou ဆိုသူသည် မြန်မာနိုင်ငံသို့ ရောက်ရှိကာ သြစတြေးလျနိုင်ငံသို့ မူးယစ်ဆေးဝါးများ သိုဝှက်သယ်ဆောင်တင်ပို့မည်ဖြစ်ကြောင်း သြစတြေးလျပြည်ထောင်စုရဲတပ်ဖွဲ့(AFP)၏ သတင်းဖလှယ်မှုအရ မြန်မာနိုင်ငံမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဖော်ထုတ်စုံစမ်းခဲ့ရာ အဆိုပါ ထိုင်ဝမ်လူမျိုးသည် ဇူလိုင် ၃၀ ရက်တွင် ဟောင်ကောင်မှ ရန်ကုန်သို့ ရောက်ရှိပြီး တောင်ဥက္ကလာပမြို့နယ်ရှိ နေအိမ်တစ်လုံးတွင် ဌားရမ်းနေထိုင်ခဲ့ကြောင်း၊ သြဂုတ် ၄ ရက်တွင် လေကြောင်းခရီးဖြင့် တာချီလိတ်မြို့သို့ သွားရောက်ခဲ့ကြောင်းနှင့် သြဂုတ် ၆ ရက်တွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိခဲ့သည်ကို စိစစ်တွေ့ရှိခဲ့ကြောင်း သိရသည်။

ထို့နောက် Chen Ying Chou ဌားရမ်းနေထိုင်သည့် နေအိမ်ကို စောင့်ကြည့်နေစဉ် သြဂုတ် ၉ ရက် ညနေ ၆ နာရီခန့်တွင် Chen Ying Chou သည် တရုတ်(ထိုင်ဝမ်)လူမျိုး Kuo Chia-En နှင့် မြန်မာနိုင်ငံသား (တရုတ်စကားပြန်) သန်းနိုင်(ခ)ဖြိုးဝေလင်းတို့နှင့်အတူ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာ၍ ဝင်ရောက်စစ်ဆေးရှာဖွေရာ ၎င်းတို့သုံးဦးအား အိုက်စ် ၇၄ ကီလို(၁ ကီလိုလျှင် ကျပ်သိန်း ၈၀၀နှုန်းဖြင့် တန်ဖိုးကျပ်သိန်း ငါးသောင်းကျော်)၊ ဖုန်းငါးလုံး၊ မော်တော်ယာဉ်များတွင် အသုံးပြုသည့် ကရိုင်းရှပ် ၃၁ ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့ကို ကနဦးစစ်မေးချက်အရ မူးယစ်ဆေးဝါး သိုဝှက်သယ်ဆောင်ရန် ပြင်ဆင်ထားသည့် ကရိုင်းရှပ်များသည် DHL ပါဆယ်ပစ္စည်း ပို့ဆောင်ရေးလုပ်ငန်းဖြင့် တရုတ်(ထိုင်ဝမ်)မှ မြန်မာနိုင်ငံသို့ လေကြောင်းလိုင်းဖြင့် တင်ပို့ခဲ့ကြောင်း၊ မရမ်းကုန်းမြို့နယ်ရှိ စက်မှုလက်မှုအလုပ်ရုံတစ်ခု၌ လှည့်ဖွင့်ပိတ်နိုင်သည့် အပေါက်ဖောက်လိုင်းရစ်များ ဖော်၍ နေအိမ်၌ ကရိုင်းရှပ်များအတွင်းသို့ အိုက်စ်များအား သိုဝှက်ထည့်သွင်းပြီး သြစတြေးလျနိုင်ငံသို့ ပေးပို့ရန် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရှိရ၍ ၎င်းတို့သုံးဦးအား တောင်ဥက္ကလာပမြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးကာ ကွင်းဆက်ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

သန်းနိုင်(ခ) ဖြိုးဝေလင်း၊ Chen Ying Chou နှင့် Kuo Chia-En တို့ သုံးဦးအား မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မြန်မာ့ရုပ်မြင်သံကြား

၁၁-၈-၂၀၁၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၆း၀၀	- မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀	- Breakfast News
၉း၄၀	- MRTV Travelogue
၁၀း၀၀	- Sunday Talk
၁၀း၂၅	- ငလျင်ဘေးဒဏ်ရင်ဆိုင်တဲ့ပြန်နိုင်ဖို့ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့(ရပ်ကွက်)
၁၁း၃၀	- BBC ခံစားကြည့်
၁၂း၃၀	- ကမ်းပြိ၊ မြေပြိုအန္တရာယ်နှင့် ပတ်သက်၍ သတိပြုလိုက်နာရမည့်အချက်များ အသိပေးနှိုးဆော်ခြင်း
၁၂း၃၅	- This Week's Special Interest
၁၂း၄၅	- မြန်မာဂန္ဓဝင်ရုပ်ရှင်"နှလုံးသားမြို့တော်" (နေအောင်၊ ခင်သီတာထွန်း၊ မိုမိုမြင့်အောင်) ဒါရိုက်တာ- မောင်တင်ဦး
၁၄း၄၅	- သက်ငယ်မှဒီမိုးကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး

ညပိုင်း

၁၅း၁၅	- " MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် " (Sagaing United FC Vs Rakhine United FC)
၁၈း၃၅	- "သတိပြုကာကွယ် ရာသီတုပ်ကွေးအန္တရာယ်"
၁၉း၁၅	- နိုင်ငံခြားဇာတ်လမ်းတွဲ " အိမ်ကြီးရှင်သခင်မ " (အပိုင်း-၈)
၂၀း၀၀	- ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၀	- သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့(ရေဘေးအန္တရာယ် အသိပညာပေး အစီအစဉ်)
၂၀း၃၅	- "မေတ္တာရင်ခွင် နွေးထွေးစေချင်"
	- " SMM 3rd Asian " Asia World Foundation "Men's U23 Volleyball Championship ပြိုင်ပွဲအစီအစဉ် "
	- " အဖြူရောင်ရေခွက်ကလေး ရဲ့ဒိုင်ယာရီ"

ဖားကန့်၊ ဘားအံ၊ မကွေးနှင့် လောက်ကိုင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းမိ

နေပြည်တော် သြဂုတ် ၁၀

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သြဂုတ် ၉ ရက် ညနေပိုင်းက ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မော့ဝုံကျေးရွာ ကံဆီး-လုံးခင်းလမ်းတွင် အင်ယမ်နော် မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ လုံးခင်းကျေးရွာအုပ်စု ကံဆီးကျေးရွာရှိ ၎င်း၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ သြဂုတ် ၈ ရက် ညနေ ၆ နာရီက ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် မဲဘောင်ကျေးရွာရှိ လက်ဖက်ရည်ဆိုင်တွင် ဝေယံကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၊ ဆိုင်ကယ်တစ်စီး၊ ဖုန်းတစ်လုံးနှင့် ၎င်း၏နေအိမ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၉၈၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့အတူ သြဂုတ် ၉ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မကွေးမြို့နယ် မကွေး-ရမည်းသင်းလမ်း မိုင်တိုင်အမှတ်(၀/၅)အနီးတွင် မောင်ထွန်းမောင်းနှင်လာသည့်ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၁၁ ပြား၊ မြန်မာငွေကျပ် ၂၀၆၅၀ နှင့် ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ သြဂုတ် ၈ ရက် ညနေ ၃ နာရီခွဲက တပ်မတော်မှ လောက်ကိုင်မြို့နယ် ရန်လုံကျိုင်းကျေးရွာအနီး တောလမ်းတွင် ဆာလာအိတ် ကိုင်ဆောင်လာသည့် မသက်ဘွယ်လူတစ်ဦးကို တွေ့ရှိ၍ ရပ်တန့်ခိုင်းစဉ် ၎င်းမှာ အထုပ်ပစ်ချပြီး ထွက်ပြေးသွားသဖြင့် ဆာလာအိတ်ကို ဖွင့်ဖောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ

ကာမိုင်း၌ ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိ

ကာမိုင်း သြဂုတ် ၁၀

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့၌ သြဂုတ် ၉ ရက် မွန်းလွဲပိုင်းက သတင်းအရရှာဖွေရာမှ နေအိမ်အတွင်းမှ တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကာမိုင်းနယ်မြေရဲစခန်းမှူး ရဲအုပ်သိန်းမြင့် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များသည် သြဂုတ် ၉ ရက်က ကာမိုင်းမြို့ ဒီးကျွန်းရပ်ကွက်နေ မျိုးသန်းဦး (၄၆နှစ်)၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အောက်ခန်းတွင် ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ကျော်ဆွေဝင်း(၅၂ နှစ်)၊ ကျော်ဇင်ဝင်း (၃၀ နှစ်)၊ ထိန်လင်းအောင် (၃၄ နှစ်)တို့ကိုတွေ့ရှိရပြီး ၎င်းတို့ထိုင်နေသည့် အခင်းအောက်မှ ဘိန်းဖြူ(၀ ဒသမ ၂၂)ဂရမ်နှင့် အခန်းတွင်းမှ အလေးချိန် ၁၀၅ ကီလိုရှိ တရားမဝင်ကျောက်စိမ်းအရိုင်းတုံး အရွယ်စုံ ၇၀ ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ကျောက်စိမ်းအရိုင်းတုံးများမှာ အိမ်ရှင်ဖြစ်သူ မျိုးသန်းဦး ပိုင်ဆိုင်သည့်ကျောက်များဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပြီး မျိုးသန်းဦးအပါအဝင် လေးဦးကို ကာမိုင်းနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

စစ်ကွင်း၌ အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံး

မင်းလှ သြဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့ရွှေတောင်တန်းရပ်ကွက် ရွှေတောင်တန်းလမ်းတွင် သြဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲက အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးသည်။

အခင်းဖြစ်ရာသို့ စစ်ကွင်းနယ်မြေရဲစခန်းမှူးနှင့်အဖွဲ့များ သွားရောက်စစ်ဆေးရာ သေဆုံးသူ ဝင်းနိုင်ဦး(၄၂နှစ်)သည် ရွှေတောင်တန်းလမ်းနေ ဦးဝင်းဇော်၏နေအိမ်တွင် သံပန်းတံခါးအား ဝရိန်တို့ပြီးနောက် မီးကြိုးပလတ်ခေါင်းကို ဖြုတ်ရာမှ ဓာတ်လိုက်သေဆုံးသွားသောကြောင့် စစ်ကွင်းနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးနေကြောင်း သိရသည်။

ပေါက်စ (မင်းလှ)

ဖောင်းပြင်မြို့နယ်၌ မူးယစ်ဆေးဝါးဖမ်းဆီးစဉ် ပြန်လည်ခုခံရန်ပြုသဖြင့် သတိပေးပစ်ခတ်ရာမှ တစ်ဦးသေဆုံး

နေပြည်တော် သြဂုတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်၌ သြဂုတ် ၉ ရက်က မူးယစ်ဆေးဝါးသုံးစွဲ၊ ရောင်းဝယ်နေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးစဉ် ပြန်လည်ခုခံရန်ပြုသဖြင့် သတိပေးပစ်ခတ်ရာမှ တစ်ဦးသေဆုံးကြောင်း သိရသည်။

သြဂုတ် ၉ ရက် မွန်းလွဲ ၃ နာရီခွဲခန့်က ဖောင်းပြင်မြို့နယ် ညောင်ပင်သာကျေးရွာနှင့် အထက်မန်လည်ကျေးရွာကြား ညောင်ပင်သာသချိုင်းအနီး လူမနေသည့်လယ်စောင့်တဲ၌ သိုက်ဦးမောင်(၃၈နှစ်) ညောင်ပင်သာကျေးရွာနေသူပါ လေးဦးမူးယစ်ဆေးဝါး သုံးစွဲ၊ ရောင်းဝယ်နေကြောင်းသတင်းအရ ရဲတပ်ဖွဲ့က သွားရောက်ဖမ်းဆီးစဉ် အဖမ်းမခံဘဲ သိုက်ဦးမောင်က အရိုးအသွားတစ်ပေခန့်ရှိ ဓားဦးချွန်ဖြင့် ပြန်လည်ခုခံရန်ပြုခဲ့သောကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးတွင် ဒဏ်ရာတစ်ချက်ရရှိခဲ့သည်။

ထို့နောက် ရဲတပ်ဖွဲ့ဝင်များက အသာတကြည်အဖမ်းခံရန် ပြောကြားသော်လည်း ဆက်လက်ရန်ပြုသဖြင့် သတိပေးပစ်ခတ်ခဲ့ရာ သိုက်ဦးမောင်မှာ ကျည်ထိမှန်သေဆုံးသွားပြီး ၎င်းထံမှ ဘိန်းဖြူခုနစ်ဂရမ် သိမ်းဆည်းရမိခဲ့ကာ ကျန်သုံးဦးမှာ ထွက်ပြေးသွားသဖြင့် ဖောင်းပြင်မြို့မရဲစခန်း၌ အမှုဖွင့်ဆောင်ရွက်ပြီး ထွက်ပြေးသွားသူများကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်



ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်တွင် ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာထောက်ပံ့ငွေပေးအပ်ပွဲ ပြုလုပ်

ရန်ကုန် သြဂုတ် ၁၀

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်တွင် သြဂုတ် ၇ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရပ်ကွက်အချို့တွင် နေအိမ်များအတွင်း ရေများဝင်ရောက်ခဲ့သည့် အိမ်ထောင်စု ၁၉၂ စု၊ လူဦးရေ ၈၃၁ ဦးအား ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက် ၈ နာရီက အမှတ်(၁၃)ရပ်ကွက် ရတနာမြိုင် ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းရွှေက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောခဲ့ပြီး ရေဘေးသင့်ပြည်သူအိမ်ထောင်စု ၁၉၂ စု၊ လူဦးရေ ၈၃၁ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၇၄၅၁၀၀ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ထွေအုပ်မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရေဘေးသင့်ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

မြောက်ကိုရီးယားမှ တာတိုပစ်ဒုံးကျည်ပစ်ခတ်

မြောက်ကိုရီးယားဘက်မှ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုပြုလုပ်စဉ်။

ဆိုးလ် သြဂုတ် ၁၀

မြောက်ကိုရီးယားသည် ကိုရီးယားကျွန်းဆွယ် အရှေ့ပင်လယ်ပြင်သို့ တာတိုပစ်ပဲ့ထိန်းတပ် ဒုံးကျည်နှစ်စင်းကို ပစ်ခတ်ခဲ့သည်ဟု ယူဆရကြောင်း တောင်ကိုရီးယားတပ်ဖွဲ့က ပြောသည်။

မြောက်ကိုရီးယားသည် စနေနေ့ နံနက် ၅ နာရီ ၃၄မိနစ်နှင့် ၅နာရီ ၅၀ မိနစ်ဝန်းကျင်ခန့်တွင် တာတိုပစ်ဒုံးကျည် နှစ်စင်းကို ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု တောင်ကိုရီးယား စစ်ဦးစီးချုပ်ရုံးမှ ကြေညာခဲ့သည်။ အဆိုပါဒုံးကျည်သည် ကီလိုမီတာ ၄၀၀ ကျော်အထိ ရောက်ကြောင်းလည်း တောင်ကိုရီးယားဘက်မှ ပြောသည်။

တောင်ကိုရီးယား အစိုးရသည် သက်ဆိုင်ရာဌာနမှ အရာရှိများကို အရေးပေါ်အစည်းအဝေး ခေါ်ယူခဲ့သည်။ ယခုပြုလုပ်သည့် တာတိုပစ်ဒုံးကျည်ပစ်ခတ်မှုသည် တောင်ကိုရီးယားနှင့်အမေရိကန်တို့ ပြုလုပ်နေသော ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ဆန့်ကျင်ကြောင်း ပြသသည့်အနေဖြင့် ပစ်ခတ်ခြင်းဖြစ်နိုင်ကြောင်း သမ္မတရုံးကပြောသည်။

ပြည်တွင်းလုပ် တာတိုပစ်ဒုံးကျည်၏ အရည်အသွေးကို စမ်းသပ်ခြင်းလည်း ဖြစ်နိုင်ကြောင်း အိမ်ပြာတော်က ပြောသည်။ စနေနေ့က ပြုလုပ်ခဲ့သည့် တာတိုပစ်ဒုံးကျည်ပစ်ခတ်မှုသည် ဇူလိုင် ၂၅ ရက်နောက်ပိုင်း မြောက်ကိုရီးယားမှ ငါးကြိမ်မြောက်ဒုံးကျည်ပစ်ခတ်ခြင်းလည်းဖြစ်သည်။ တောင်ကိုရီးယား အစိုးရသည် မြောက်ကိုရီးယားကို ဒုံးကျည် စမ်းသပ်ပစ်ခတ်မှုများအား ရပ်တန့်ရန် တိုက်တွန်းလျက်ရှိသည်။ ယခုလို ပြုလုပ်မှုများကြောင့် ကိုရီးယားကျွန်းဆွယ် အခြေအနေကို တင်းမာလာစေနိုင်ကြောင်းလည်း တောင်ကိုရီးယားဘက်မှပြောသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကမူ မြောက်ကိုရီးယား၏ တာတိုဒုံးကျည်ပစ်ခတ်မှုကို ဘေးချိတ်ရန် ကြိုးပမ်းလျက်ရှိသည်။ မြောက်ကိုရီးယားမှစမ်းသပ်ပစ်ခတ်မှုများသည် တာတိုပစ်ဒုံးကျည်များသာဖြစ်ပြီး မြောက်ကိုရီးယား၏ ကတိဖြစ်သည့် တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်ပစ်ခတ်မှု မပြုဟူသောအချက်ကို ချိုးဖောက်ခြင်းမရှိကြောင်း ထရမ့်က ပြောသည်။

ဇွန်လအတွင်းက မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ တတိယအကြိမ် တွေ့ဆုံပြီးနောက် အမေရိကန်နှင့်မြောက်ကိုရီးယားတို့၏ နျူကလီးယားဆွေးနွေးမှုများမှာ အနည်းငယ်တိုးတက်လာသည်။ **အင်နန်အိတ်ချ်ကေ**

ပြိတိန်တွင် ဓာတ်အားပြတ်တောက်မှုကြောင့် ခရီးသွားလာမှုတွင် အခက်အခဲများဖြစ်ပေါ်

လန်ဒန် သြဂုတ် ၁၀

အင်္ဂလန်နှင့်ဝေးလံတို့တွင် သြဂုတ် ၉ ရက်က နာရီအနည်းငယ် ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့သည့်အတွက် လူပေါင်း တစ်သန်းနီးပါးခန့် ဓာတ်အားပြတ်တောက်မှုဒဏ်ကို ခံစားခဲ့ရသည်။

လန်ဒန်မြို့ အချို့နေရာများတွင်လည်း ဓာတ်အားပြတ်တောက်မှု ခံစားရပြီး ရုံးဆင်းရုံးတက် သွားလာသူများအတွက် သယ်ယူပို့ဆောင်ရေးတွင် အခက်အခဲများ ပေါ်ပေါက်ခဲ့သည်။ အဓိက လျှပ်စစ်ဓာတ်အားပေးဂျင်နရေတာနှစ်လုံးတွင် ချွတ်ယွင်းချက်ပေါ်ပေါက်ခဲ့သည့်အတွက် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း အမျိုးသားလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ကွန်ရက်ကတွစ်တာပေါ်တွင်ရေးသားခဲ့သည်။

ညနေ ၆ နာရီခွဲတွင် လျှပ်စစ်ဓာတ်အားပြန်လည်ရရှိပြီး လျှပ်စစ်ဓာတ်အားပေးရေး စနစ်များမှာလည်း ပုံမှန်အတိုင်း ပြန်ဖြစ်သွားပြီဟု သိရသည်။ ပြိတိန် ရထားပို့ဆောင်ရေးတွင် လျှပ်စစ်ပြတ်တောက်မှုကြောင့် ခရီးစဉ်အချို့ ဖျက်သိမ်းလိုက်ရခြင်း၊ နောင့်နှေးမှုများ ဖြစ်ပေါ်ခြင်းတို့ ပေါ်ပေါက်ခဲ့ရသည်။

ရထားနှင့် ရထားဝန်ထမ်းများသည် နေရာမှားယွင်းမှုများကြောင့် သြဂုတ် ၁၀ ရက် နံနက်ပိုင်းအထိ အနှောင့်အယှက်များနှင့် ကြုံတွေ့ရသည်ဟု အမျိုးသားရထားလိုင်းက ပြောသည်။

လန်ဒန်မြို့လမ်းမများတွင် မီးပွင့်များ အလုပ်မလုပ်တော့သည့်အတွက် လမ်းများတွင် ကားပိတ်မှုများဖြစ်ပေါ်ခဲ့သည်။ နယူးကက်စတယ်ရှိ လေဆိပ်မှာလည်း မီးပြတ်မှုကြောင့် အနှောင့်အယှက်များနှင့် ကြုံတွေ့ရသည်။

အေအက်ဖ်ပီ

ရထားအသုံးပြုသူများကို တွေ့ရစဉ်။

ကုန်သွယ်ရေးသဘောတူညီချက်အတွက် အမေရိကန်နှင့် တရုတ်တို့ အဆင်သင့်မဖြစ်သေးဟုဆို

ဝါရှင်တန် သြဂုတ် ၁၀

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၎င်းအနေဖြင့် တရုတ်နိုင်ငံနှင့်ကုန်သွယ်ရေးသဘောတူညီချက် ပြုလုပ်ရန် အဆင်သင့်မဖြစ်သေးဟု သြဂုတ် ၉ ရက်က ပြောကြားခဲ့သည်။

နောက်တစ်ကြိမ် ဆွေးနွေးပွဲမှာ မည်သည့်အချိန်တွင် ပြုလုပ်မည်ဟူသောအချက်ကို မေးခွန်းထုတ်ပြောဆိုခဲ့ခြင်းဖြစ်သည်။ အိမ်ဖြူတော်၌ သတင်းထောက်များကို ရှင်းလင်းပွဲ ပြုလုပ်ရာတွင် သမ္မတထရမ့်က တရုတ်နှင့်အကောင်းဆုံး ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း၊ ဆွေးနွေးဆဲဖြစ်ပြီး စာချုပ်ချုပ်ဆိုနိုင်သည်အထိ အဆင်သင့်မဖြစ်သေးသော်လည်း ဘာဆက်ဖြစ်မည်ကို သိနေနိုင်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

မေလအတွင်းက ဆွေးနွေးပွဲမအောင်မမြင်ဖြစ်ပြီးနောက် ပထမဦးဆုံးအကြိမ်အဖြစ် ဇွန်လအတွင်းတွင် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံ နှစ်ခုမှ စေ့စပ်ညှိနှိုင်းသူများသည် ရှန်ဟိုင်းမြို့တွင် တွေ့ဆုံခဲ့ကြသည်။

နောက်တစ်ကြိမ် ဆွေးနွေးပွဲမှာ စက်တင်ဘာလ အစောပိုင်းတွင် ပြုလုပ်မည်ဟု သတ်မှတ်ထားသည်။ သို့သော် ထရမ့်က တရုတ်နိုင်ငံဘက်မှ အစီအစဉ်ဖျက်သိမ်းခြင်း ရှိမရှိကိုမူ စောင့်ကြည့်ရလိမ့်မည်ဟု ပြောကြားခဲ့သည်။ ဆွေးနွေးနေဆဲကာလတွင် အမေရိကန်သည် တရုတ်နည်းပညာကုမ္ပဏီကြီးဖြစ်သည့် ဟွာဝေးနှင့် အလုပ်လုပ်ကိုင်မည်မဟုတ်ဟု ထရမ့်က ပြောကြားခဲ့သည်။

ဇွန်လအတွင်းက ထရမ့်သည် ဟွာဝေးကုမ္ပဏီအပေါ် ကန့်သတ်ချက်အချို့ကို ဖယ်ရှားပေးမည်ဟု တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် သဘောတူခဲ့သည်။ အပြန်အလှန်အားဖြင့် တရုတ်နိုင်ငံဘက်က အမေရိကန် ထုတ်ကုန်များကို ဝယ်ယူရမည်ဖြစ်သည်။ အမေရိကန်နှင့် တရုတ်တို့ကြား ကုန်သွယ်ရေးတင်းမာမှုများ ဆက်လက်ဖြစ်ပွားမှုများကို စိုးရိမ်နေကြလျက်ရှိသည်။ **အင်နန်အိတ်ချ်ကေ**

မက္ကဆီကန်များကို ပစ်မှတ်ထားပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု သေနတ်သမား ဝန်ခံ

ဟူစတန် သြဂုတ် ၁၀

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် အယ်ပက်ဆိုမြို့တွင် ဖြစ်ပွားခဲ့သော အစုလိုက်ပစ်ခတ်ခံရမှုတွင် ဖမ်းဆီးခံထားရသည့် သံသယရှိသူက ၎င်းပစ်ခတ်မှု ပြုရခြင်းမှာ မက္ကဆီကန်များကို ပစ်မှတ်ထားကာ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံခဲ့သည်ဟု အရာရှိများကပြောသည်။

အသက် ၂၁ နှစ်အရွယ် ပက်ထရစ် ခရူးစီးယက်က လက်မြှောက်ကာ ကားအတွင်းမှဆင်းလာပြီး ၎င်းမှာ ပစ်ခတ်သူဖြစ်သည်ဟု ရဲများကို ပြောခဲ့ကြောင်း စုံထောက် အေဒရင်း ဂါစီရာကပြောသည်။ နောက်ပိုင်းတွင် ခရူးစီးယက်သည် စုံထောက်များနှင့် စကားပြောရန် သဘောတူခဲ့ပြီး ၎င်းသည် မက္ကဆီကန်များကို ပစ်မှတ်ထားပြီး တိုက်ခိုက်မှုပြုလုပ်ရန် ရည်ရွယ်ကာ အယ်ပက်ဆိုသို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။

ခရူးစီးယက်သည် လူမျိုးရေးခွဲခြားသည့် စကားများကို အွန်လိုင်းပေါ်တွင် တင်လေ့ရှိပြီး စပိန်စကားပြော ရွှေ့ပြောင်းသွားလာသူများ အမေရိကန်အတွင်းသို့ အစုလိုက်အပြုံလိုက် ဝင်ရောက်လာခြင်းကို ဆန့်ကျင်သူတစ်ဦးလည်းဖြစ်သည်ဟု သိရသည်။ ခရူးစီးယက်သည် လူသတ်မှုဖြင့် တရားစွဲဆိုခံရမည်ဖြစ်ပြီး အာမခံလည်းရမည်မဟုတ်ဟု အာဏာပိုင်များက ပြောသည်။

ပြည်နယ် ရှေ့နေများက အမှန်းတရားကြောင့် ဖြစ်ပေါ်လာသော ရာဇဝတ်မှုများကို တရားစွဲဆိုခြင်းကို စဉ်းစားသွားမည်ဟုပြောသည်။ အယ်ပက်ဆိုမြို့တွင် ဖြစ်ပွားခဲ့သော ပစ်ခတ်မှုကြောင့် မက္ကဆီကို နိုင်ငံသား ကိုးဦးအပါအဝင် လူပေါင်း ၂၂ ဦး သေဆုံးခဲ့ရပြီး ၂၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ **ဆင်ဟွာ**

တိုက်ဖွန်းမုန်တိုင်း လက်ကီမာကြောင့် တရုတ်နိုင်ငံတွင် လူပေါင်းတစ်သန်းခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေး

ပေကျင်း သြဂုတ် ၁၀

တိုက်ဖွန်းမုန်းတိုင်း လက်ကီမာကြောင့် တရုတ်နိုင်ငံအရှေ့ပိုင်း ကျန့်ကျားပြည်နယ်တွင် သြဂုတ် ၁၀ ရက်က လူပေါင်း ၁၈ ဦးထက်မနည်း သေဆုံးကာ ၁၄ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသခံအများပြည်သူ ဌာနက ပြောသည်။

တိုက်ဖွန်းမုန်တိုင်း လက်ကီမာသည် သြဂုတ် ၁၀ ရက် နံနက် ၁ နာရီ ၄၅ မိနစ်တွင် ကျန့်ကျားပြည်နယ် ဝမ်လင်းမြို့သို့ ဝင်ရောက်လာခဲ့သည်။ မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှုများ ဖြစ်ပေါ်ကာ မြစ်ချောင်းများအတွင်း ပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့သည်။ ကျေးရွာသား ၁၂၀ ခန့်မှာ ပိတ်မိနေခဲ့သည်။ ဒေသခံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးအရာရှိများနှင့် လူမှုကယ်ဆယ်ရေးသမားများ စုစုပေါင်း ၃၀၀ ကျော်ခန့်ကို အဆိုပါဒေသသို့ စေလွှတ်ပေးခဲ့သည်။ ယခုအခါ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

လူမှုကူညီကယ်ဆယ်ရေးလုပ်သားများ ဝမ်လင်းမြို့တွင် ကယ်ဆယ်ရေးလုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

မုန်တိုင်းမတိုက်ခတ်မီ လူပေါင်းတစ်သန်းခန့်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနတွင် ဖော်ပြထားသည်။ ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည့် အထဲတွင် ရှန်ဟိုင်းမှ လူပေါင်း ၂၅၃၀၀၀ ခန့် လည်းပါဝင်ကြောင်း သိရသည်။

ချိုင်းနာဒေးလီး

အစီအစဉ်အသစ်နဲ့ အာဖဂန်စစ်ပွဲကို အဆုံးသတ်နိုင်မှာလား

ချူးစန္ဒီနွေး

အာဖဂန်ပြည်တွင်းစစ် ၁၈ နှစ် ကြာမြင့်လာပြီးတဲ့နောက် အမေရိကန်ဟာ တစ်ဖန်ပြန်ပြီး အာဖဂန်ငြိမ်းချမ်းရေးအတွက် ပြင်ဆင်မှုတွေ ထပ်မံပြုလုပ်လာပါတယ်။ အမေရိကန်သံတမန်တွေနဲ့ တာလီဘန်တို့ကြား လပေါင်းများစွာကြာ ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ခဲ့ပြီးနောက် သဘောတူညီချက် မူဘောင်ကို ချမှတ်နိုင်ပြီး မကြာမီအချိန်အတွင်းမှာ အများကို အသိပေးကြေညာလိမ့်မယ်လို့လည်း ခန့်မှန်းထားကြပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနှင့် အာဖဂန်သမ္မတတို့ ဇွန်လအတွင်းက ကဘူးလ်မြို့၌ တွေ့ဆုံကြစဉ်။

အလုပ်မ်းဝေးကွာနေဆဲ

အဲဒီသဘောတူညီချက်ကတော့ ရွေးကောက်ခံအာဖဂန် ခေါင်းဆောင်တွေနဲ့ တာလီဘန်တို့ကြား တိုက်ရိုက်ဆွေးနွေးပွဲအတွက် ပြေပြစ်တဲ့ဆက်ဆံရေးကို ဦးတည်သွားလိမ့်မယ်လို့ခန့်မှန်းထားပေမယ့် လက်ရှိအစိုးရနဲ့တာလီဘန်တို့ကြားဆက်ဆံရေးအတွက် မျှော်လင့်ချက်ဟာ ဝိုးတဝါးအခြေအနေမှာပဲ ရှိနေသေးပါတယ်။ အခက်အခဲတွေကြားထဲက စေ့စပ်ညှိနှိုင်းမှုကို ပြုလုပ်ခဲ့ပြီးတဲ့နောက် နောက်ဆုံးအပစ်အခတ်ရပ်စဲရေးဆိုတာကလည်း အလုပ်မ်းဝေးကွာနေဆဲပါပဲ။ အဓိကကျတဲ့အတားအဆီးတွေကတော့ရှိနေဆဲပါပဲ။ စစ်ရေးအရရော သံတမန်ရေးအရပါ ကျော်ဖြတ်ဖို့ခက်တဲ့ အတားအဆီးတွေက ဝန်းရံနေပါတယ်။

အဓိကအတားအဆီး

အမေရိကန်တပ်တွေ ဘယ်လောက်ကြာကြာ အာဖဂန်မြေမှာဆက်ရှိနေမှာလဲ၊ တကယ်လို့မျှားလက်ရှိ အာဖဂန်အစိုးရဟာ တာလီဘန်တွေနဲ့ အာဏာခွဲဝေဖို့ သဘောတူညီချက်ရပြီဆိုရင် အမျိုးသမီးတွေရဲ့အခွင့်အရေးအတွက် ဘယ်လိုကာကွယ်မှုမျိုးတွေ ရှိလာမှာလဲ။ ဒါတွေကတော့ အဓိကကျတဲ့အတားအဆီးတွေပါ။ အာဖဂန်မှာ သမ္မတရွေးကောက်ပွဲနီးလာတာနဲ့အမျှ မူဘောင်ကိုချပြဖို့လည်း လိုလာပါပြီ။ နောက်ပြီးအာဖဂန်နိုင်ငံအတွင်း တာလီဘန်တွေရဲ့ကြောက်မက်ဖွယ် တိုက်ခိုက်မှုဟာလည်း ပိုပိုပြီးပြင်းထန်လာပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးသဘောတူညီချက်ဟာ ဖြစ်နိုင်ပါဦးမလားဆိုတဲ့ အချက်ပြမှုတွေ ရှိလာပါတယ်။

စစ်ပွဲပြီးဆုံးပြီလား

တာလီဘန်တွေနဲ့ သဘောတူညီချက်ရတာနဲ့စစ်ပွဲဟာ လုံးဝပြီးဆုံးသွားပြီလား။ ဒီလိုတော့ မဟုတ်ပါဘူး။ သို့ပေမယ့် တာလီဘန်တွေနဲ့ အာဖဂန်အစိုးရတို့အတွက် တိုက်ရိုက်ဆွေးနွေးပွဲပြုလုပ်ဖို့ လမ်းစဖြစ်လာနိုင်ပါတယ်။ အဲဒီမတိုင်ခင်မှာတော့ အမေရိကန်မှာရော တာလီဘန်တွေမှာပါ စိုးရိမ်ရတဲ့အကြောင်းအရာတွေက ဆက်လက်ရှင်သန်နေဆဲပါပဲ။ အဲဒီအချက်တွေကတော့ အမေရိကန်တပ်ဖွဲ့ဝင်တွေဟာ ဘယ်လောက်ကြာကြာ အာဖဂန်နစ္စတန်မှာ ဆက်လက်ရှိနေမှာလဲဆိုတာရယ် အာဖဂန်ဟာအကြမ်းဖက်သမားတွေအတွက် လုံခြုံစိတ်ချရတဲ့နေရာတစ်ခု ဘယ်လောက်ကြာကြာ ဖြစ်နေဦးမှာလဲဆိုတာရယ်ပဲ ဖြစ်ပါတယ်။

တိုက်ခိုက်မှုတွေရပ်ဆိုင်းသွားမှာလား

အဖြေကတော့ တိုက်ပွဲတွေဟာ ရပ်တန့်သွားဖို့ မဖြစ်နိုင်ပါဘူး။ ဇူလိုင်လဟာ အာဖဂန်အတွက် အကြမ်းဖက်တိုက်ခိုက်မှု အများဆုံးလဖြစ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့လအတွင်း အာဖဂန်အရပ်သား ၁၅၀၀ ထိခိုက်ဒဏ်ရာရသေဆုံးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ သြဂုတ်လပထမပတ်မှာပဲ ထရပ်ကားဝုံးခွဲမှုကြောင့် လူပေါင်း ၁၄ ဦး သေဆုံးခဲ့ရပါတယ်။ အာဖဂန်အစိုးရအရာရှိတွေဟာ တာလီဘန်နဲ့ အမေရိကန်တို့ ညှိနှိုင်းမှုပြုလုပ်နေစဉ်မှာပဲ အပစ်အခတ်ရပ်စဲကြဖို့ တောင်းဆိုခဲ့ပါတယ်။ တာလီဘန်တွေကတော့ အဲဒီတောင်းဆိုချက်ကို လက်မခံခဲ့ပါဘူး။ အမေရိကန်နိုင်ငံဆိုင်ရာ အာဖဂန်သံတမန်ရှိရာရာမနီကတော့ အာဖဂန်အစိုးရနဲ့ တာလီဘန်တို့ရဲ့ ဆွေးနွေးပွဲဟာ ဖြစ်နိုင်သမျှ မြန်မြန်လေးစဖို့ မျှော်လင့်ထားတယ်လို့ပြောပါတယ်။ ဘာလို့လဲဆိုတော့ စက်တင်ဘာ ၂၈ ရက်ဆိုရင် ရွေးကောက်ပွဲကစတော့မှာမို့ပါ။

ခြိမ်းခြောက်ထား

တာလီဘန်တွေကတော့ သြဂုတ်လပထမပတ်အတွင်းမှာပဲ ရွေးကောက်ပွဲကို ပိတ်ပစ်မယ်လို့ ခြိမ်းခြောက်ထားပြီး အာဖဂန်နိုင်ငံသားတွေကိုလည်း မဲဆွယ်စည်းရုံးမှုတွေ၊ လူထုထောက်ခံပွဲတွေကနေ ဝေးဝေးနေဖို့ တိုက်တွန်းထားပါတယ်။ အမေရိကန်တို့နဲ့ဆွေးနွေးနေစဉ်မှာလည်း ရွေးကောက်ပွဲပြီးတဲ့နောက် ရွေးကောက်ခံအာဖဂန်အစိုးရနဲ့ တာလီဘန်တို့ကြား ဘယ်လို အာဏာခွဲဝေယူကြမလဲဆိုတာ ဆွေးနွေးပွဲရဲ့ ခက်ခဲတဲ့အပိုင်းပါပဲ။ ကာလရှည်ကြာတိုက်ပွဲတွေကြောင့် နှစ်ဖက်စလုံးမှာ အထိအခိုက်တွေလည်း များလာပါတယ်။ ဒါကြောင့်လည်း ငြိမ်းချမ်းရေးရဖို့ အသည်းအသန်ကြိုးပမ်းလာတာလို့ အငြိမ်းစားစစ်မှူထမ်းဟောင်းတစ်ဦးဖြစ်တဲ့ ဒေးဗစ်ဒဗယ်လျှ ဘာနိုကပြောပါတယ်။ သူဟာ အာဖဂန်စစ်ပွဲမှာ နှစ်နှစ်ကြာပါဝင်ခဲ့သူလည်း ဖြစ်ပါတယ်။ တာလီဘန်တွေဟာ တိုင်းပြည်လူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းပေါ်မှာ အာဏာလွှမ်းမိုးထားနိုင်ပါတယ်။

အယ်ကိုင်ဒါတွေနဲ့ ကင်းကင်းနေမှာလား

အပစ်အခတ်ရပ်စဲမှုမပြုခင်မှာ အမေရိကန်တပ်တွေရော အပြည်ပြည်ဆိုင်ရာက တပ်တွေပါ အာဖဂန်မြေပေါ်ကထွက်ခွာသွားဖို့ တာလီဘန်တို့ကတောင်းဆိုထားပါတယ်။ အမေရိကန်သမ္မတထရမ့်ကတော့ ဒီစစ်ပွဲကြီးကို အဆုံးသတ်ချင်နေပါပြီ။ ကဘူးလ်မြို့မှာရှိတဲ့ အမေရိကန်အရာရှိတွေကတော့ တာလီဘန်တွေဟာ အယ်ကိုင်ဒါတွေနဲ့ ဆက်လက်ပတ်သက်နေဦးမှာပဲလို့ ယုံကြည်နေကြပါတယ်။ နောက်ပြီးအစွန်းရောက်တွေကို ချေမှုန်းပစ်ဖို့ဆိုတာ အာဖဂန်အစိုးရတပ်နဲ့တင် မလုံလောက်ဘူးဆိုပြီး ယူဆကြပါတယ်။ အယ်ကိုင်ဒါတွေနဲ့ အိုင်အက်စ်အစွန်းရောက်သမားတွေကို နှိမ်နင်းတဲ့နေရာမှာ အမေရိကန်ရဲ့ကြားဝင်မှုကို ဟန့်တားဖို့ဆိုတာဘယ် သဘောတူညီချက်နဲ့မှ မရနိုင်ဘူးလို့ မစ္စတာဘာနိုကပြောပါတယ်။

တပ်ဖွဲ့ဝင် ဘယ်လောက်ကျန်မလဲ

အမေရိကန်တပ်ဖွဲ့ဝင်ဘယ်လောက်များများ အာဖဂန်မြေပေါ်မှာ ဆက်လက် ကျန်ရှိနေမလဲ။ ဒါကတော့ မရှင်းလင်းပါဘူး။ သို့ပေမယ့်အမေရိကန် အရာရှိတွေကတော့ တပ်ဖွဲ့ဝင် ၇၀၀၀ ခန့်ကို ကဘူးလ်မှာပဲ အခြေစိုက်ဖို့ အဆိုပြုထားပါတယ်။ သတင်းအချက်အလက်တွေပေးဖို့ရယ် အခြားသော အာဖဂန်တပ်ဖွဲ့ဝင်တွေဆီကနေ သတင်းအချက်အလက်တွေ ရယူဖို့အတွက်ပါ။ အထူးစစ်ဆင်ရေးအဖွဲ့ဟာလည်း ဘာဂမ်မြို့က သူတို့ရဲ့အခြေစိုက်စခန်းပိတ်သွားတဲ့အခါ ကဘူးလ်ကို ပြောင်းရွှေ့တာမျိုးဖြစ်နိုင်ပါတယ်။

အဓိကမေးခွန်းတစ်ရပ်

တာလီဘန်တွေနဲ့ အာဏာဝေမျှမှုပြုလုပ်တဲ့အခါ အာဖဂန်အမျိုးသားလုံခြုံရေးတပ်ရဲ့ အနေအထားဟာ ဘယ်လိုဆက်ဖြစ်မှာလဲဆိုတာလည်း အဓိကမေးခွန်းတပ်ရပ်ပါပဲ။ အမေရိကန်ပြည်ထောင်စုဟာ အာဖဂန်တပ်ဖွဲ့ကို လေ့ကျင့်ပေးဖို့ နှစ်တွေအများကြီးရင်းနှီးခဲ့ရလို့ ဘီလီယံနဲ့ ချီတဲ့ငွေကြေးတွေလည်း အသုံးပြုခဲ့ရပါတယ်။ လက်ရှိအာဖဂန်တပ်ဖွဲ့ကို မဖျက်သိမ်းဖို့အတွက် အမေရိကန်တပ်ဖွဲ့ နောက်ကွယ်ကနေရှိနေပေးဖို့ အာဖဂန်အစိုးရကတောင်းဆိုလောက်တယ်ဆိုပြီးလည်း ကာကွယ်ရေးဌာနကအရာရှိတွေက မျှော်လင့်ကြပါတယ်။

တာလီဘန်တို့ မပြောင်းလဲသေး

အာဖဂန်အစိုးရဟာ အခြေအနေတွေအားလုံးတည်ငြိမ်သွားတဲ့အထိ အမေရိကန်တပ်တွေ ဆက်လက်ရှိနေပေးဖို့ လိုလားတယ်လို့ အာဖဂန်သံတမန်တစ်ဦးဖြစ်သူ မစ္စရှိရာ ရာမနီကပြောပါတယ်။ ဒါပေမယ့်လည်း အမေရိကန်တပ်တွေ အာဖဂန်မြေပေါ်က လုံးဝထွက်သွားရေးကို တာလီဘန်တွေကတောင်းဆိုထားတာဖြစ်လို့အနာဂတ် အမေရိကန်တပ်တွေရဲ့အလားအလာဟာ မေးခွန်းထုတ်ဖွယ်ရာပါပဲ။ ဒါကြောင့် တာလီဘန်တို့နဲ့ အာဖဂန်အစိုးရတို့ကြား နောက်ဆုံးအဆင့်ငြိမ်းချမ်းရေးစာချုပ်ဟာ ဖြစ်လာနိုင်ပဲ့မလားဆိုတာ စဉ်းစားစရာပါပဲ။ အာဖဂန်စေ့စပ်ညှိနှိုင်းရေးသမားတွေ ကာတာနိုင်ငံ ဒိုဟာမြို့မှာ ဆွေးနွေးကြစဉ်မှာတော့ အပြုသဘောဆောင်တဲ့ ပြောင်းလဲမှုတွေရှိလာပြီ၊ မျှော်လင့်ချက်အနည်းငယ်ရှိလာပြီလို့ ပြောကြပါတယ်။ ဒါပေမယ့်လည်း အချို့စေ့စပ်ညှိနှိုင်းရေးသမားတွေကတော့ တာလီဘန်တွေဟာ ဘယ်တော့မှ မပြောင်းလဲဘူး၊ သူတို့အာဏာရစဉ်က အတိုင်းပဲ အတွေးအမြင်တွေ ရှိနေဆဲပဲလို့ ပြောကြပါတယ်။

ကိုးကား - နယူးယောက်တိုင်းမ်

> **"တာလီဘန်တွေကတော့ သြဂုတ်လပထမပတ်အတွင်းမှာပဲ ရွေးကောက်ပွဲကို ပိတ်ပစ်မယ်လို့ ခြိမ်းခြောက်ထားပြီး အာဖဂန်နိုင်ငံသားတွေကိုလည်း မဲဆွယ်စည်းရုံးမှုတွေ၊ လူထုထောက်ခံပွဲတွေကနေ ဝေးဝေးနေဖို့ တိုက်တွန်းထားပါတယ်။ အမေရိကန်တို့နဲ့ ဆွေးနွေးနေစဉ်မှာလည်း ရွေးကောက်ပွဲပြီးတဲ့နောက် ရွေးကောက်ခံအာဖဂန်အစိုးရနဲ့ တာလီဘန်တို့ကြား ဘယ်လို အာဏာ ခွဲဝေယူကြမလဲဆိုတာ ဆွေးနွေးပွဲရဲ့ ခက်ခဲတဲ့အပိုင်းပါပဲ"**

နိုင်ငံတကာ သတင်း တိုတို

အိန္ဒိယက ကက်ရှ်မီးယားကို ပြုလုပ်မှုများအပေါ် ပါကစ္စတန် ဆန့်ကျင်ဆန္ဒပြ

ကက်ရှ်မီးယား သြဂုတ် ၁၀

အိန္ဒိယကထိန်းချုပ်ထားသော ကက်ရှ်မီးယားတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးထားခဲ့သော်လည်း ယခုအခါ ယင်းအခြေအနေကို ရုပ်သိမ်းသည့် အိန္ဒိယအစိုးရ၏ ဆုံးဖြတ်ချက်ကို ဆန့်ကျင်သည့်အနေဖြင့် ပါကစ္စတန်တစ်လျှောမှ လူများသည် လမ်းမပေါ်ထွက်ကာ ဆန္ဒပြလျက်ရှိကြသည်။

အိန္ဒိယအစိုးရသည် သြဂုတ် ၆ ရက်တွင် မူဆလင်များ အဓိကနေထိုင်ရာ ဂျာမူးပြည်နယ်နှင့် ကက်ရှ်မီးယားတို့တွင် အထူးဖွဲ့စည်းပုံအခွင့်အရေးကို ပြန်လည်ရုပ်သိမ်းခဲ့သည်။

အဆိုပါ ဒေသသည် ၁၉၄၉ ခုနှစ်မှ စကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။ သြဂုတ် ၉ ရက်တွင် ပါကစ္စတန်မြို့တော် အစ္စလာမ္မာဘတ်တွင် လူပေါင်း ၅၀၀ ကျော်ခန့် ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

ၦင်းတို့သည် ပါကစ္စတန်အလံကို လှှင့်ထူခဲ့ပြီး ကက်ရှ်မီးယားဒေသရှိ လူများ၏ အခွင့်အရေးကို အကာအကွယ်ပေးရန် တောင်းဆိုခဲ့သည်။ သြဂုတ် ၇ ရက်တွင် ပါကစ္စတန်အစိုးရသည် အိန္ဒိယရှိ ၎င်းတို့၏ သံအမတ်ကြီးကို ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်ခဲ့ပြီး အိန္ဒိယနှင့်ကုန်သွယ်မှုကို ရပ်ဆိုင်းခဲ့သည်။ ယခုနောက်ဆုံးဖြစ်ပေါ်နေသောပြဿနာများကြောင့် နှစ်နိုင်ငံစစ်ရေးအခြေအနေများ တင်းမာလာမည်ကို စိုးရိမ်လျက်ရှိသည်။

အင်နန်အိတ်ခ်ျကေ

အိန္ဒိယ ကီရာလာပြည်နယ်တွင် ရေကြီးမှုကြောင့် လေဆိပ်ပိတ်ရ

နယူးဒေလီ သြဂုတ် ၁၀

အိန္ဒိယနိုင်ငံ တောင်ပိုင်းပြည်နယ်ဖြစ်သည့် ကီရာလာပြည်နယ်တွင် ရေကြီးမှုကြောင့် လူပေါင်း ၄၀ သေဆုံးပြီး ခုနစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ လူပေါင်း ထောင်နှင့်ချီ၍ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်ဟု သြဂုတ် ၁၀ ရက်တွင် မီဒီယာများ၌ ဖော်ပြကြသည်။

သေဆုံးသူ ၄၀ ခန့်မှာ ဝါရာနတ်နှင့် မာလက်ပုရမ်မြို့တို့တွင် မြေပြိုမှုကြောင့် သေဆုံးရခြင်းဖြစ်ပြီး သေဆုံးသူ အရေအတွက် တိုးလာခြင်းမှာလည်း ကြောက်မက်ဖွယ်ကောင်းလှသည်။

လူပေါင်း တစ်သိန်းခန့်ကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ပျက်စီးဆုံးရှုံးမှုများကို တွက်ချက်ရန်လည်း လုပ်ဆောင်လျက်ရှိသည်။ ပြည်နယ်အတွင်းရှိ လူအစည်ကားဆုံး လေဆိပ်ဖြစ်သည့် ကိုချီလေဆိပ်ကိုလည်း သြဂုတ် ၁၁ ရက်အထိ ပိတ်ထားခဲ့သည်။

အမျိုးသားသဘာဝဘေးအန္တရာယ် ပြန်လည်တုံ့ပြန်ရေးအဖွဲ့မှ ကယ်ဆယ်ရေးနှင့် သက်သာရေးအဖွဲ့များ၊ အိန္ဒိယတပ်ဖွဲ့ဝင်များသည် ပြည်နယ်အတွင်း ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ ထို့ပြင် ရေကြီးမှုကြောင့် နေအိမ်မှ ထွက်ခွာလာသူများကို ကယ်ဆယ်ရေးစခန်းတွင် နေရာချထားမှုများ ပြုလုပ်ခဲ့သည်။

ဆင်ဟွာ

သဘာဝဌာ်ဘေးမဲ့တောအတွင်း စိုက်ပျိုးထားသော သစ်ပင်များရှင်သန်မှု ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှု

တောင်ကြီး သြဂုတ် ၁၀

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ ကိုးနဝင်းတောင်ဘုန်းတော်ကြီးကျောင်းအတွင်း ဇွန်လက စိုက်ပျိုးထားသော စိန်ပန်းပြာ၊ စိန်ပန်းနီ၊ ခါတော်မီ၊ ချယ်ရီ၊ ရေသင်းဝင်၊ ပနားမားဂု အပင် ၂၄၀၀ စိုက်ပျိုးထားမှုနှင့် အပင် ၂၃၉၂ ပင် ရှင်သန်နေမှုတို့ကို ယမန်နေ့က ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးစိုးစိုးဇော်နှင့် ပြည်နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုသည်။

ပြည်နယ်ဝန်ကြီးချုပ်က သဘာဝဌာ်ဘေးမဲ့တောများရှိ သစ်ပင်များ ပျက်စီးဆုံးရှုံးမှုမရှိစေရန်နှင့် အမြဲရှင်သန်နိုင်အောင် ပြုစုစောင့်ရှောက်ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ ဘေးမဲ့တော ပျက်စီးပပျောက်မသွားစေရန်နှင့် သစ်ပင်များ ရှင်သန်ကြီးထွားနိုင်ရန် အထူးကြီးကြပ်စောင့်ရှောက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် ရွှေညောင်မြို့တာယောစိုက်ပျိုးရေးမျိုးသန့်ခြံတွင် ရွှေရင်အေး၊ ဘာစမာတီမျိုးစေ့ထုတ်စိုက်ခင်း ပြက္ခက်ပြသခြင်းကို သွားရောက်ကြည့်ရှုရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ဦးကြိုင်က ရှင်းလင်းပြောကြားပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ကလော-မိတ္ထီလာ ကားလမ်းဘေး မိုင်တိုင် အမှတ် ၉၇/၇ အနီး တောင်လေးလုံးအကျော် ဘဝသံသရာတံတားအနီးရှိ တောင်ကြီးမြို့နယ်၏ မိုးရာသီစိုက်ထင်းရှူးစိုက်ခင်းဇက ၅၀၊ ညောင်ရွှေမြို့နယ် ရွှေညောင်-ညောင်ရွှေ ကတ္တရာလမ်းဘေး တိလောကျေးရွာအုပ်စု ကျော့မောင်ငယ်ကျေးရွာစံပြစိုက်ခင်းတွင် ဓာတ်မြေသြဇာ ကြေပက်ပွဲနှင့် ပျိုးသက်နကောက်ကွက်ကြဲစိုက်နည်းစနစ် ပြသခြင်းကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်နေစဉ်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဧရာဝတီမြစ်အတွင်း ငါးကောင်ရေ လေးသိန်း စိုက်ထည့်

မန္တလေး သြဂုတ် ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယမန်နေ့က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကမ်းနားလမ်း Pioneer Oasis Floating Hotel ရှိ ဧရာဝတီမြစ်ရေပြင်၌ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်ဇနီး၊ တိုင်းဒေသကြီး အမျိုးသမီးကော်မတီ နာယက ဒေါက်တာယုယုမေ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ရေပေါ်တိုတယ် ရေယာဉ်ပေါ်မှလည်းကောင်း၊ မြစ်ကြောင်းတစ်လျှောက် ရေယာဉ်ဖြင့်လည်းကောင်း ငါးမြစ်ချင်း၊ ငါးခုံမ၊ ငါးသိုင်းခေါင်းပွ ကောင်ရေလေးသိန်းကို ဧရာဝတီမြစ်အတွင်းသို့ စိုက်ထည့်ပေးကြသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ရေရှည်ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ ငါးသယံဇာတ ရေရှည်တည်တံ့တိုးပွားစေရေး၊ ငါးထုတ်လုပ်မှု တိုးတက်စေရေး၊ ရေလုပ်သားများ၊ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရရှိစေရေးတို့အတွက် မြစ်ချောင်းများ၊ ဆည်ကန်များအတွင်းသို့ နှစ်စဉ် ငါးမျိုး စိုက်ထည့်ခြင်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

ကရင်ပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာမူလတန်းကျောင်းများ၌ နွားနို့နှင့် ကြက်ဥ တိုက်ကျွေး

ဘားအံ သြဂုတ် ၁၀

ကရင်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အခြေခံပညာမူလတန်းကျောင်းများ၌ နို့တိုက်ကျွေးသည့် အခမ်းအနားကို အပတ်စဉ် ကျင်းပလျက်ရှိရာ ယမန်နေ့က ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် လှာကဒေါင်ကျေးရွာအုပ်စု၊ မဂ်လာရွာသစ် အခြေခံပညာမူလတန်းကျောင်း၌ နွားနို့နှင့်ကြက်ဥကို တိုက်ကျွေးခဲ့ကြသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာ ဝင်းဇင်မောင်၊ ခရိုင်ဦးစီးမှူးဒေါက်တာ ခင်ငယ်အောင်နှင့် မြိုနယ်ဦးစီးမှူး ဒေါက်တာစောဖောင်ဟိတို့က နို့သောက်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ နှင့်အဖွဲ့က မူလတန်းကျောင်းသား/ကျောင်းသူ ၈၆ ဦးတို့အား နွားနို့နှင့် ကြက်ဥတို့ကို တိုက်ကျွေးခဲ့ကြသည်။

ကျောင်းသားများအား နွားနို့တိုက်ကျွေးစဉ်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ဘားအံမြို့ပေါ်နှင့် ပတ်ဝန်းကျင် ဒေသများရှိ အခြေခံပညာမူလတန်းကျောင်းများအား ရက်သတ္တပတ်လျှင် တစ်ကျောင်းနှုန်းဖြင့် အပတ်စဉ် တိုက်ကျွေးလျက်ရှိပြီး နို့နှင့်ဥ အမျိုးမျိုးကို စားသုံးခြင်းဖြင့် ကလေးငယ်များ ဉာဏ်ရည်ထက်မြက်၍ အရိုးနှင့် သွားများ သန်မာစေကာ ခန္ဓာကိုယ်ကျန်းမာ ကြံ့ခိုင်ကြီးထွားစေသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

နမ့်ခမ်းမြို့ လူဦးရေစာရင်းကောက်ယူရေးအဖွဲ့ စာရင်းကောက်ယူနေမှု ကွင်းဆင်းကြည့်ရှု

နမ့်ခမ်း သြဂုတ် ၁၀

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားတိုင်း မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် ရွေးကောက်ပွဲ အကြိုလုပ်ငန်းဆောင်ရွက်မှုအဖြစ် လူဦးရေစာရင်းကောက်ယူရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ မြို့နယ်လူဦးရေစာရင်းကောက်ယူရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ အတွင်းရေးမှူး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးဇင်မောင်နှင့် အဖွဲ့ဝင်များသည် ယမန်နေ့က နောင်ခန်ကျေးရွာအုပ်စု၊ မန်ပန်ရွာ လူဦးရေစာရင်း ကောက်ယူဆောင်ရွက်နေမှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုခဲ့ပြီး စာရင်းအချက်အလက်တိကျမှန်ကန်မှုရှိစေရေးနှင့် ဆောင်ရွက်မှုလုပ်ငန်းအဆင်ပြေစေရန် အကြံပြုခဲ့ကြသည်။

နမ့်ခမ်းမြို့နယ်တွင် ရပ်ကွက် ၁၄ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၃ အုပ်စုတွင် ကျေးရွာပေါင်း ၁၇၄ ရှာရှိပြီး တစ်မြို့နယ်လုံးရှိ လူဦးရေစာရင်းကို သတ်မှတ်ကာလအတွင်း ကောက်ယူမှုပြီးစီးစေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဉာဏ်မင်း(နမ့်ခမ်း)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၀-၈-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၂၁၇၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၄၅၄၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၂၁၇၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၄၅၄၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၈၄၀/၉၀၀	ကျပ်	၉၀၅/၉၂၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၅၀/၉၁၀	ကျပ်	၉၂၀/၉၃၅	ကျပ်
အောက်တိန်း ၉၂	၇၄၀/၈၀၅	ကျပ်	၈၂၅/၈၄၅	ကျပ်
အောက်တိန်း ၉၅	၈၂၀/၈၉၅	ကျပ်	၉၃၅	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၅၀၈ . ၀
ဥရောပ	တစ်ယူရို	ကျပ်	၁၆၈၈ . ၃
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၀၉၀ . ၈
ဖြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၈၂၇ . ၅
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၄၂၃ . ၉
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၁၀၂၆ . ၂
တရုတ်	တစ်ယွမ်	ကျပ်	၂၁၃ . ၇၀
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၁ . ၃၃၇
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၂၄ . ၅၈
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၆၀ . ၃၈
ထိုင်း	တစ်ဘတ်	ကျပ်	၄၉ . ၀၆၅

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

စတော့အိတ်ချိန်း ဈေးကွက် (၉-၈-၂၀၁၉)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၁၀၀၀	၁၁၅၀၀	၁၈၇၅	၂၁၅၆၁၅၀၀
MTSH	၃၄၅၀	၃၅၀၀	၅၈၅၉	၂၀၂၁၅၃၀၀
MCB	၈၂၀၀	၈၂၀၀	၁၁၃၃	၉၂၉၀၆၀၀
FPB	၂၆၀၀၀	၂၆၀၀၀	၇၄	၁၉၂၄၀၀၀
TMH	၂၉၅၀	၂၉၀၀	၃၈၉၄	၁၁၆၅၁၅၅၀

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀۶۷-၃۶၁۶၄၂၊ **စာတည်းအဖွဲ့** ၀۶۷-၃۶၁۶၄၅၊ **ဖက်စ်** ၀۶۷-၃۶၁۶၄۶၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၃၅၊ **ဌေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄۶۶၂၂၊ ၀۶۷-၃۶၁۶၄၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈۶۶၄၅۶۶။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သိမှတ်စရာအဖြာဖြာ (General Knowledge)

ထူးထူးခြားခြား၊ ဆန်းဆန်းပြားပြား ပိုးကောင်ကလေးတွေရဲ့ စွမ်းအား

ကေ - ဂျူ၀ယ်လ်

ကလေးတို့နေတဲ့ အိမ်ထဲမှာ၊ ခြံဝင်းထဲမှာ တွေ့မြင်နေကျ ပိုးကောင်ကလေးတွေမှာ ကလေးတို့မသိနိုင်တဲ့ စွမ်းအားတွေ ထူးထူးခြားခြား ရှိနေပါတယ်တဲ့။ အဲဒီပိုးကောင်ကလေးတွေရဲ့ အံ့သြဖွယ် စွမ်းအားတွေအကြောင်း ဒီတစ်ပတ် ပြောပြချင်ပါတယ်။

အဏုမြူပုံးပေါက်ကွဲပြီးရင်တောင် မသေနိုင်ဘူးဆိုတဲ့ ပိုးဟပ်

အနှံ့ဆိုးပြီး ရှုံ့စရာကောင်းတဲ့ ပိုးဟပ်တွေဟာ အစားမစားဘဲ သုံးလလောက် အသက်ရှင်နိုင်သလို ရေမသောက်ဘဲနဲ့ သုံးပတ်လောက် အထိ နေနိုင်ပါတယ်တဲ့။ ပိုးဟပ်တွေဟာ လွန်ခဲ့တဲ့နှစ်သန်း ၄၀၀ လောက် ကတည်းက ကမ္ဘာပေါ် မှာ ရှိနေခဲ့တာလို့ သိရ ပါတယ်။ သူတို့သက်တမ်းဟာ တစ်နှစ်လောက်ပဲ ရှိပါတယ်။ ဒါပေမယ့် ဓာတ်ရောင်ခြည် ဖြာထွက်မှု ဒဏ်ကို ခံနိုင်ရည်ရှိတာမို့ အဏုမြူပုံးကျပြီးလို့ တခြား သတ္တဝါတွေ သေကျေ ပျက်စီးကုန်ရင်တောင် ပိုးဟပ်တွေ ကတော့ ကျန်ရစ် နေမှာ ဖြစ်တယ်လို့ ဆိုပါတယ်။ ပိုးဟပ်တွေဟာ ညစ်ညစ် ပတ်ပတ်နေတတ်ပြီး ရောဂါပိုးတွေဟာ သူ့ကိုယ်မှာ ကပ်နေတတ်တာမို့ သူနဲ့ထိပြီးသား အစားအသောက်တွေဆိုရင် ရောင်းကြဉ်ကြဖို့၊ အစားအစာတွေကို သန့်သန့်ရှင်းရှင်းထားပြီး လုံလုံခြုံခြုံ ဖုံးအုပ်ထားဖို့လိုပါတယ်။ ပိုးဟပ်တွေဟာ တစ်နာရီကို သုံးမိုင်နှုန်းပျံသန်းနိုင်ပြီး သူတို့ရဲ့ ဦးနှောက်တွေက ခြေထောက်မှာ ရှိပါတယ်။

ခွန်အားအရာမှာ အားလုံးထက်သာတဲ့ နွားချေးပိုးကောင်

ခွန်အားအကြီးဆုံးလို့ပြောရင် ဆင်ကြီးတို့၊ ဂေါ်ဇီလာကြီးတို့ကို ကလေးတို့ ပြေးမြင်မှာပေါ့။ ဒါပေမယ့် သူတို့ဟာ သူတို့ကိုယ်အလေးချိန်ရဲ့ အဆပေါင်း ထောင်နဲ့ချီ အလေးချိန်ဆိုရင် သယ်ဆောင်သွားဖို့ မလွယ်ကူပါဘူး။ လူတစ်ယောက်ဆိုရင် သူဟာ တန် ၁၀၀ လောက်ကို သယ်ယူပေးနိုင်မလား လုံးဝမဖြစ်နိုင်ပါဘူး။ ဒါပေမယ့် နွားချေးပိုးကောင်လေးကတော့ သူ့ခန္ဓာကိုယ်အလေးချိန်ရဲ့အဆပေါင်း ၁၁၄၀ ဆ အလေးချိန်ရှိတဲ့ အရာတွေကို ရအောင်သယ်ပေးနိုင်ပါတယ်တဲ့။ လေ့လာဖော်ထုတ်ထားသမျှဆိုရင် ကမ္ဘာပေါ်မှာ အသန်မာဆုံးတိရစ္ဆာန်အဖြစ် နွားချေးပိုးကောင်ကို သတ်မှတ်ထားကြပါတယ်။ နွားချေးပိုးကောင်တွေ အသန်မာဆုံး အချိန်ကတော့ အထီးတွေမှာဆိုရင် မိတ်လိုက်တဲ့အချိန်ဖြစ်ပြီး အဖိုကောင်အချင်းချင်း တိုက်ခိုက်တတ်ကြပါသတဲ့။ နွားချေးပိုးအမတွေအတွက်ကတော့ သူတို့ဟာ ဥပေါက်ဖို့အတွက် မြေဆွေးတွေရဲ့ အောက်ကို တိုးပြီးသွားပါသတဲ့။ ပြီးရင် ဥကို အပေါက်မရှိအောင် မြေနဲ့ပြန်ပြီး လုံးထားတတ်ကြတာ လူကြီးလက်သီးဆုပ်လောက်ရှိပါတယ်။ နောက်ပြီးတော့ အဲဒီမြေကြီးလုံးတွေကို တစ်နေရာကနေ တစ်နေရာကို သယ်ယူသွားတဲ့အခါ သူ့ခန္ဓာကိုယ်နဲ့ မတန်တဆအလေးချိန်ကို ရွှေ့အောင်တွန်းထိုးပြီး ခရီးဆက်ပါသတဲ့။ အမေတွေရဲ့ မေတ္တာကြောင့် နွားချေးပိုးသားလောင်းလေးတွေဟာ မြေကြီးလုံးထဲမှာ အကောင်ကြီးမဖြစ်မချင်း အေးအေးလူလူ နေခွင့်ရကြသတဲ့။ နွားချေးပိုးကောင်ဟာ ပိုးကောင်မာ အမျိုးအစားဖြစ်ပြီးတော့ ကျွဲ၊ နွားတွေ မစင်တွေနားမှာ အများဆုံး ပေါက်ပွားရှင်သန်

ဉာဏ်ကောင်းလွန်းတဲ့ပျားကောင်လေးတွေ

တိရစ္ဆာန်လောကမှာ ဉာဏ်ရည်အထက်ဆုံး ပိုးကောင်လေးတွေကတော့ ပျားကလေးတွေ ဖြစ်ပါတယ်။ သူတို့ဟာ ကမ္ဘာကြီး လုံးဝန်းတယ်ဆိုတာကို သိကြတယ်လို့ ဆိုပါတယ်။ သူတို့အချင်းချင်း ဆက်သွယ်တဲ့နေရာမှာ ပျားအကလို့ ခေါ်တဲ့ ရှေ့တိုးနောက်ငင် ပျံသန်းပုံ အမျိုးမျိုးကို ကြည့်ပြီး အစာရှိနိုင်မယ့်နေရာ၊ ပျားအုံအသစ် ဖွဲ့နိုင်မယ့်နေရာတွေကို ပြောနေတာလို့ အဓိပ္ပာယ်ဖွင့်နိုင်ပါတယ်။ ပျားတွေက ဝတ်မှုန်ကို အချိန်ငါးချိန်ခွဲပြီး စုဆောင်းကြတာပါ။ နေထွက်ချိန်၊



မွန်းမတည့်မီ၊ မွန်းတည့်ချိန်၊ မွန်းလွဲချိန်နဲ့ နေဝင်ချိန်တို့ဖြစ်ပါတယ်။ အချိန်တွေကတော့ နံနက် ၅ နာရီကနေ ၅ နာရီ ၄၀၊ ၈ နာရီကနေ ၈ နာရီ ၄၀၊ ၁၁ နာရီကနေ ၁၁ နာရီ ၄၀၊ နေ့လယ် ၂ နာရီကနေ ၂ နာရီ ၄၀ နဲ့ ညနေ ၅ နာရီကနေ ၅ နာရီ ၄၀အထိ ပျားအုံထဲက လုပ်သားပျားတွေက ဝတ်ရည်စုဆောင်းကြတာ ဖြစ်ပါတယ်။ ပျားတွေဟာ နှစ်သန်း ၁၀၀ ကျော်ကတည်းက စည်းကမ်းရှိရှိ၊ အချိန်တိတိကျကျနဲ့ တက်တက်ကြွကြွ အားလုံးတာဝန်ကျေစွာ လုပ်ကြသူတွေ ဖြစ်ပါတယ်။ ။

ရင်သွေးရုပ်ပုံလွှာ

သဘာဝတရားကို ချစ်ခင်ခံစားတတ်စေဖို့ လေ့လာလည်ပတ်စို့
သမီးငယ် ခွန်းသံသာ ၁ နှစ် ၉လ ၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်
ဓာတ်ပုံ - ဘိုးဘိုး၊ ဘွားဘွား

လောကဝတ် (Etiquette)

မမမေ

အချစ်ဆုံးတွေရဲ့ အချစ်ဆုံးဖြစ်အောင်နေပါ

ကလေးတို့ရေ ဒီတစ်ပတ်တော့ ကလေးတို့ကို ကလေးတွေနဲ့ သူငယ်ချင်းအချင်းချင်း ပိုပြီးချစ်ခင်လာစေမယ့် နည်းလမ်းလေးကို ပြောပြချင်ပါတယ်။ ကလေးတို့ကျောင်းမှာ ဖြစ်ဖြစ်၊ အိမ်မှာဖြစ်ဖြစ် အခင်မင်ရဆုံး သူငယ်ချင်းတွေရှိမှာပေါ့။ ကလေးတို့ ချစ်ခင်တဲ့သူတွေကရော သူတို့ရဲ့အချစ်ဆုံး သူဟာ ဘယ်သူများဖြစ်မလဲ မသိဘူးနော်။ ကိုယ်ချစ်တဲ့သူတွေ၊ ခင်တဲ့သူတွေ ကိုယ့်ကို ချစ်ခင်လာဖို့အတွက် သတိထားရမယ့်အချက်တွေ ရှိပါတယ်။

အမြဲဖော်ရွေ

သူငယ်ချင်းနှစ်ယောက် စကားပြောတဲ့အခါ အမြဲတမ်း ရန်စနေတာမျိုး မလုပ်ဘဲ ချစ်ချစ်ခင်ခင်နေဖို့လိုသလို သူ့အခက်အခဲကိုလည်း ကူညီပေးဖို့လိုပါတယ်။ တစ်ခါတလေ သူကအိမ်နဲ့ စိတ်ကောက်လာခဲ့မယ်ဆိုရင် ကလေးတို့ကို လာအော်တာမျိုး လုပ်ချင်လုပ်နိုင်ပေမယ့် သူဘာတွေ ဖြစ်လာသလဲဆိုတာ အရင်မေးပြီးမှ သူ့စိတ်ကို နားလည်ပေးဖို့ လိုတာပေါ့။ အမြဲတမ်း ကလေးတို့နဲ့ အကြိုက်လည်း တူမယ်၊ ကိုယ့်အပေါ်လည်း ညှာတာမယ်၊ မုန့်တွေလည်း ခွဲဝေကျွေးမယ်၊ ကလေးတို့အတွက် အချိန်ပြည့် ကူညီပေးတတ်မယ်ဆိုရင်တော့ ကိုယ့်ဘက်ကလည်း ပြန်ပြီးကူညီပေးရမှာဖြစ်သလို အမြဲတမ်း ဖော်ဖော်ရွေရွေနဲ့ သူ့ကို

မျှဝေခံစားပေးဖို့လည်း မမေ့ပါနဲ့တဲ့။

ဟင့်အင်းလို့မပြောမိစေနဲ့

အချစ်ဆုံး သူငယ်ချင်းကနေ ချောကလက်စားမလားဆိုပြီး တကူးတကလာကျွေးတယ်ဆိုပါစို့။ ကလေးတို့ကလည်း မကြိုက်တဲ့အရာကြီးဆိုရင် ဟင့်အင်းမကြိုက်ဘူးလို့ ယတိပြတ်ကြီး ငြင်းလိုက်ရင် သူစိတ်မကောင်းဖြစ်သွားနိုင်ပါတယ်။ သူယူလာပေးတာကို တန်ဖိုးမထားဘူးဆိုပြီးတော့လည်း တွေးသွားနိုင်ပါတယ်။ ဒါပေမယ့် အချစ်ဆုံး သူငယ်ချင်းကကျွေးလို့ နည်းနည်းစားမယ်ဆိုတာမျိုးနဲ့ တန်ဖိုးထားကြောင်းပြပေးဖို့ လိုပါတယ်တဲ့။

မလှောင်ပြောင်ပါနဲ့

ခင်မင်တဲ့သူတွေကို စတဲ့နောက်တဲ့အခါ ရယ်မောပျော်ရွှင်စရာဖြစ်ပေမယ့် တစ်ခါတစ်ရံကျတော့ အရှက်ခွဲသလိုဖြစ်သွားမိတတ်ပါတယ်တဲ့။ တစ်ခါတုန်းက အချစ်ဆုံးသူငယ်ချင်းက လူကြားထဲမှာ ရုပ်ဆိုးတာကို စမိလိုက်လို့ သူငယ်ချင်းက လူတွေကို ကြောက်ရွံ့သွားခဲ့ရတယ်လို့ ဆိုပါတယ်။ ဆံပင်ညှပ်ခါစ ဒါမှမဟုတ် အကျီဝတ်ထားတာ မလှမပဖြစ်နေတဲ့ အခါမျိုးမှာ သူငယ်ချင်းကို လှောင်ရယ်တာမျိုးမလုပ်ဘဲ သူ့ရဲ့အားနည်းချက်ကို ကာကွယ်ပေးရမှာ၊ သူများတွေ မစော်ကားမိအောင် ကာကွယ်ပေးရမှာက အချစ်ဆုံး သူငယ်ချင်းရဲ့တာဝန်ပဲလေ။ ။

ကိုတင့်နဲ့ ဂေါက်ကျင်

HTOO


မိုးကျလာရင်.. မိုးရေချိုးမယ်... ရေမမေ ဟာရင်.. နီနိုမယ်...♪
ဟေ...
ဟိတ်.. ကလေးတွေ.. မိုးထဲ လေထဲ အိမ်အာပြင်ထွက်မ ထားကြနဲ့လေ...
မိုးကျလို့ မိုးရေထွက်ချိုးနေတာပါ။
မိုးတွင်းချိန်ဝါမှာ လျှပ်စစ်ဓာတ် ကြိုးရေနှင်ထဲပြတ်ကျပြီးဓာတ် လိုက်မှာ စိုးရိမ်လို့ပြောတာ ပါကွာ...
လမ်းထဲကမီးတိုင်တွေနဲ့ မီးကြိုးတွေကမကြာသေးခင်က မုန်တိုင်းလေပြင်းသွားတာ.. မီးကြိုးတွေကခိတ်ချရောက် ပါတယ်...
ဟုတ်တယ် လေ..
အာသစ်လဲတပ်တဲ့နေ့ကဓာတ် အားဖြတ်တောက်ထားလို့တစ် လမ်းလုံးမီးပျက်နေတာမျှတ် မီ ကောတယ်ဦးလေးရဲ့..
သဘာဝကြောင့် ဖြစ်တဲ့တား အန္တရာယ်ဆိုတာကြီတင်ခန့်မှန်း ရောက်တယ်.. သတိထားပြီး ဆင် ခြေနိုင်မှသာ တန်ခိုးကျမှာကွ..
ဟုတ်တယ်..
မင်းတို့ကောင်တွေ အခုချက်ချင်း အိမ်ထဲ ကိုဝင်ကြစမ်း.. ဝင်နိုဝင်ကွာ... ရှိ.ကမ္ဘတ်လဲ...
ဗွီး...
အင်း.. ဘုဟာ နဲ့ဘုတော်ဟုတ် လို့ပဲ...
ဟာ.. အိုရက်မူးသာမား ကြီးဟာ.. အိမ်ထဲအာမြန် ဝင်ပြေးကြဆို..
ပြေး


ပေါ်ကပ် စက်
ဟင်..ဟင်.. ဆံပင်ကဲ့.. ပန်ကေ ပြောင်းပုံကတော့ ပြန်ပြီ..
ခဏနေ..
ခွေးကို ခေါ်ထားရမှာ..
ခွေးကို ခေါ်ထားရမှာ..
ဟင်.. ဘယ်ကောင်ကို ခေါ်..
ပေါ်ကပ်ခဲ့..
ဟင်.. ဘယ်ကောင်ကို ခေါ်..
ပေါ်ကပ်ခဲ့..
ဟင်.. ဘယ်ကောင်ကို ခေါ်..
ပေါ်ကပ်ခဲ့..
ပြီး..


ကလေးနဲ့ ခွေးချစ် ဇာတ်
ဦးလေး.. သားနဲ့ကြောင်ရဲ့ ခွေးနေ့ပွဲကိုသွားဖို့ ပြင်ပေးပါနော်..
အေး.. ဒီးယားသွား ဦးလေ့.. ဒီးက အနီးရတာ မဟုတ်ဘူး..
ဟုတ်ပါတယ်.. ခွေးနေ့ပွဲကို ရှိုးစမ်းနဲ့ သွားတာ.. ထီးကတန်းပန် တန်းပန်နဲ့ ရှိုးပျက်တယ်..
ကောင်ကလေး ဘူး.. ဂီး..
ကသိဝတ္ထုက ပညာသား ပေါ်ပေါ်နဲ့ပါ..
ဒီးပန်ကနေ ပန်းပန်းပန်း ပေးသွားရတာ အခက်..
?
ဟိုတုန်းကတော့ ဒီးပေး ဒီးကမရှာပေးကပါ ဘူး..
ဟိုတုန်းအချိန်တုန်း..
အဲ့.. ဘာပဲပါ.. ရတ်ကရက်ကြီး ဒီးတွေမဲ့ ကတ် ပေးပါပေး..
ဒီမှာ.. ဒီ.. ဒီ.. ဒီ.. ဒီ.. ဒီ.. ဒီ..
ဒီ.. ကတ်ကလေး ပေးပြီး.. ရှိုးပေးပြီး.. ပျက်ပါပြီ.. ဟင့်..
ဒီပုံစံနဲ့ မမွေးနေ့ပွဲ ဘယ်လို ဘူးရပါ့မလဲ.. ဟင့်.. ဦးလေး ဝေးနားမတောင်းနိုင်.. မွေးနေ့ ကိတ်ပေးပေးသည် ကော်ပါပြီ..
ဦး

ဘယ်ကောင်
ဟင်... ဘယ်ကောင်...
တိမ်ကို အသံမထွက်အောင်ဖွင့် ထားပြီး ဘာထိုင်လုပ်နေတာလဲ ဟာ...
ဖေဖေ့ကို ကူညီနေတာ...
ဘာ... ဘယ်လို...
နင်က တိမ်ရှေ့မှာ ထိုင်ပြီး တော့ နင့်ဖေဖေကို ဘယ်လိုကူညီနေတာလဲ...
ငါ့ဖေဖေက ရုံးမှာ အလုပ်တွေများလို့ အိမ်ကိုယူ လာတာ...
အဲဒါ... သူ့အလုပ်တွေလုပ်နေတုန်း ငါ့ကို အသံမထွက်ပဲ ငြိမ်ငြိမ်လေး နေရမယ်ဆိုလို့...
ခစ်...

၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ယမန်နေ့မှအဆက်

စဉ်	ဝန်ဆောင်မှုအမျိုးအမည်
၃၁	နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်မှုရယူခြင်းမပါ)။

(c) ပုဒ်မခွဲ (ဃ) ပါ ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(စ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အအုံ ဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ အဆောက်အအုံ ဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများပါ တာဝန်ကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများအားလုံးကိုလည်း ခံစားခွင့်ရှိစေရမည်။

(ဆ) ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း တစ်ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ သို့ရာတွင် ရွှေထည် လက်ဝတ်ရတနာများကို ပြည်တွင်း၌ ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှ တင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့ တင်ပို့စဉ် ပေးဆောင်ရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့် မရှိစေရ။

၁၅။ (က) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများက လှူ။ဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ပြုနိုင်သည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက် မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ခြင်း မပြုရ -

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန် ပေးပို့ထုတ်ယူလိုသည့် ကုန်စည်များအပေါ် အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုး သတ်မှတ်ချက် (De-minimis Value Threshold)။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာအခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့ တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့် စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေ တောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၈။ ဤဥပဒေ၏ အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

အခန်း (၇)
ဝင်ငွေခွန်

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေ ကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်း မပြုရ။ ထိုသို့ စည်းကြပ်ခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်ရသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကို တောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးရမည်။

(ခ) သို့ရာတွင် လစာမှနှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် ရရှိသည့် လစာဝင်ငွေ စုစုပေါင်းအပေါ်တွင် ဝင်ငွေခွန်ထမ်းဆောင်ရမည်။

(ဂ) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေ ကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (က) အရ သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်သည် -

အမှတ်စဉ်	ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေအလွှာ		စည်းကြပ်ရန်ဝင်ငွေခွန်နှုန်း
	မှ	ထိ	
	ကျပ်	ကျပ်	
၁	၁	၂၀၀၀၀၀၀	၀ ရာခိုင်နှုန်း
၂	၂၀၀၀၀၀၁	၅၀၀၀၀၀၀	၅ ရာခိုင်နှုန်း
၃	၅၀၀၀၀၀၁	၁၀၀၀၀၀၀၀	၁၀ ရာခိုင်နှုန်း
၄	၁၀၀၀၀၀၀၁	၂၀၀၀၀၀၀၀	၁၅ ရာခိုင်နှုန်း
၅	၂၀၀၀၀၀၀၁	၃၀၀၀၀၀၀၀	၂၀ ရာခိုင်နှုန်း
၆	၃၀၀၀၀၀၀၁ နှင့်အထက်		၂၅ ရာခိုင်နှုန်း

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်းနှင့် အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခ ရငွေအပေါ် ပုဒ်မ ၆ ပုဒ်မခွဲ (က) အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့် ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများ ဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

(c) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ(က) အရ သက်သာခွင့် နုတ်ပယ်ပြီးနောက် ပုဒ်မခွဲ (ဂ) ဇယားပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ထမ်းဆောင်ရမည်။

(စ) ဤပုဒ်မပါ ဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သီးခြားဝင်ငွေခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေ ဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေ စုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အောက်ပါသက်သာခွင့် ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁) ပါ တစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ငွေအပေါ်တွင် ဝင်ငွေခွန် စည်းကြပ်ရမည် -

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်း ဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၃။ (က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့် ပတ်သက်၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်ပယ်မီ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည် -

(၁) မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၄။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်း မပြုရ။ ယင်း၏ စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဤဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့် ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့် ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ -

အမှတ်စဉ်	ဝင်ငွေ (ကျပ်)		ဝင်ငွေခွန်နှုန်း
	မှ	ထိ	
	ကျပ်	ကျပ်	
၁	၁	၁၀၀၀၀၀၀၀၀	၃ ရာခိုင်နှုန်း
၂	၁၀၀၀၀၀၀၀၁	၃၀၀၀၀၀၀၀၀	၅ ရာခိုင်နှုန်း
၃	၃၀၀၀၀၀၀၀၁	၅၀၀၀၀၀၀၀၀	၁၀ ရာခိုင်နှုန်း
၄	၅၀၀၀၀၀၀၀၁ နှင့်အထက်		၁၀ရာခိုင်နှုန်း

(ဆက်လက်ဖော်ပြပါမည်)

PROPAK MYANMAR
Visit
The 6th International Processing & Packaging Exhibition for Myanmar
12-14 September 2019
New Venue
Myanmar Expo (ME), Yangon
Address: Fortune Plaza, Corner of minanda Road and Thumana Road, Thaketa, Yangon
The Premier Processing & Packaging Event for Myanmar
Pre-register at www.propakmyanmar.com
Info Hotline: +95 1378 975
Supported by: MFPEA, MIA, FoSTA Myanmar, Retailers Association
Media Partners: Myanmar Business Today, Myanmar Times
Strategic Banking Partner: KBZ Bank

မိခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အထက(၅)ကန်နားတက္ကသိုလ် ဝင်တန်းမှ မဂျူးဂျူးခင်၏မိခင်အမည်မှန်မှာ ဒေါ်သဲနု ၉/ပမန(နိုင်)၂၂၉၆၆၁ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်နိုင်ဦး ၁၂/ကမန(နိုင်)၁၀၄၄၂၉ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၆၆၁၈၅၂၀

မိခင်အမည်မှန်

ဦးစိုးဝင်း၏သမီး သံဖြူဇရပ်မြို့နယ်၊ အထက(၆)ကရင်သောင် ဆဋ္ဌမတန်းမှ မအေးအေးနိုင်၏မိခင်ဒေါ်ပုတ်၏အမည်မှန်မှာ ဒေါ်စော ၁၀/သဖရ(နိုင်)၁၉၆၃၃၆ ဖြစ်ပါကြောင်း။

ဒေါ်စော

အမည်မှန်

အမ်းမြို့နယ်၊ စမောင်းချောင်းကျေးရွာနေ ဦးင/မောင်၏သား မောင်အောင်နိုင်၏ အမည်မှန်မှာ မောင်ပြုံးချိုဖြစ်၍ မွေးသက္ကရာဇ် အမှန်မှာ ၂၂-၁၀-၂၀၀၁ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၉၀၃၄၉ Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းကျော်ဦး ၈/ပခက(နိုင်)၁၉၅၈၉၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/7485၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဆရာစံလမ်း၊ ရန်ကင်းပန်းခြံအိမ်ရာ၊ ပထမထပ်၊ အမှတ် (W-1)ရှိ MYANMAR LAY NYING COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

International Laboratories Corp,Ltd Thailand မှထုတ်လုပ်သော HONEI V BSC FACIAL FOAM ကုန်အမှတ်တံဆိပ်ဖြင့် (Provide Clean and Soft Skin with Honey and Hydrolyzed Collagen) ကို မြန်မာနိုင်ငံအတွက် တစ်ဦတည်းဖြန့်ချိုခွင့်ရကိုယ်စားလှယ်အဖြစ် တရားဝင်အခွင့်အရေးရှိထားသူဖြစ်ပါသည်။

MYANMAR LAY NYING COMPANY LIMITED သည် အရည်အသွေးကောင်းမွန်စစ်မှန်သည့် Skin Care Products Lotion, Facial Foam & ALL Kinds of Cosmetics တို့ကို ထုတ်လုပ်ခြင်း၊ ပြည်ပမှ မှာယူတင်သွင်းခြင်းဖြင့် ဖြန့်ဖြူးပေးလျက်ရှိပါသည်။

ယခုအခါ International Laboratories Corp,Ltd Thailand မှ ထုတ်လုပ်သော HONEI V BSC Facial Foam Smooth & Soft ကို MYANMAR LAY NYING COMPANY LIMITED မှ တရားဝင် တင်သွင်းလာသော အရည်အသွေးစစ်မှန်သည့် ပစ္စည်းတံဆိပ် (logo)ကို ပုံတူပုံမှား၊ ဆင်တူယိုးမှားတုပ၍ ထင်ယောင်ထင်မှားဖြစ်အောင်ဖန်တီးပြီး မသမာသူများက အရည်အသွေးမမီသော အတုအပများအား၊ ရောင်းချ ဖြန့်ဖြူးနေသည်ကို စုံစမ်းသိလာရပါသည်။

Honei V bsc DHFF10MLN

သည်ဖော်ပြပါစာပုံစံအတိုင်းဖြစ်ပါသည်။ Honei နှင့် bsc သည် အနီရောင်ဖြင့်လည်းကောင်း၊ V သည် အဝါရောင်ဖြင့်လည်းကောင်း၊ ဘူးကို ဖိစက်ဖြင့်ပိတ်သည့်အနီးတွင် DHFF 10 MLN ဟူသော ဆေးရောင်အနက်စာတန်းဖြင့်လည်းကောင်း ပါရှိမှသာလျှင် မြန်မာလေညှင်းကုမ္ပဏီက တင်သွင်းဖြန့်ဖြူးသော စစ်မှန်သည့် ပစ္စည်းဖြစ်ကြောင်း သုံးစွဲသူများနှင့် အများသိစေရန်ကြေညာပါသည်။

အထက်ပါကုန်အမှတ်တံဆိပ် logo ကို ပုံတူပုံမှား၊ ဆင်တူယိုးမှားတုပထုတ်လုပ်ခြင်း၊ လက်ဝယ်ထားသိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမလုပ်ရန် သတိပေးတားဖြစ်ပါသည်။ အကယ်၍ ဤတားဖြစ်ချက်ကို မလိုက်နာဖောက်ဖျက်ကျူးလွန်သည်ကိုတွေ့ရှိရပါက MYANMAR LAY NYING COMPANY LIMITED က တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည့်အပြင် နစ်နာမှုကို ထိုက်တန်စွာပေးလျော်ရန် တာဝန်ရှိစေလိမ့်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်သူဇာထွန်း
Marketing Manager
ကုမ္ပဏီမှ တာဝန်ပေးအပ်ခံရသူ

MYANMAR LAY NYING COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှမြင့် (B.A.,LL.B)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၁/၁၉)၊ စပယ်လမ်း၊ ရန်မျိုးလုံးရပ်ကွက်၊
၇၁×၇၂ လမ်းကြား၊ ၃၂×၃၃ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

တောင်းပန်အပ်ပါသည်

